# သခင့်စကား

The LORD's Word

ဝိညာဉ်ရေးရာစာစောင်


ဤစကားတော်တို့ကို ဖိတ်၍ စာစောင်ကို တံဆိပ်ခတ်ထားလော့၊ အများသော သူတို့သည် ထိုစာကို ကြည့်ရှုသော အားဖြင့် ပညာ တိုးပွားလိမ့်မည်ဟု ပြောဆို၏ ။
ဒံယေလ – ၁၂ း ၄ (ခ)


အမှတ်စဉ် (၇၅) | နိုဝင်ဘာလ | ၂၀၀၇ ခုနှစ် | စမ္ပဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## အပြစ်သား

စုံစမ်းမှုကို ကွေ့ကွင်းခဲ့တာ ၊ တစ်ခါ နှစ်ခါ
ဒေါသမြို့သိပ် သည်းခံခဲ့တာ ၊ သုံးခါ လေးခါ
နိုင့်ထက်စီးနင်း ခံယူခဲ့တာ ၊ ခါခါ မက
ဒါတွေအားလုံး ပေါင်းစုံသွားတော့ ၊ အရှိုက်ကိုထိ အမျက် ငယ်ထိပ်
စာတန့်ခြေရာ နင်းမိလျှက်သား ၊ နောက်ကျ နောင်တ
တ မိလျှက်မှ ၊ ခွင့်လွှတ်မှုပါ ဖဘုရား။

**နော်နော်**

---



## ဆဝန္နာ

နိစ္စဂူဝ လူက ချကျွေး ၊ တီ တထွေးကို အရံသင့်နှင့်
စားလိုက် သောက်လိုက် နားနေလိုက်နှင့်
အလှကြည့်ခံ ဘဝဟန်ဖြင့်
ကန်ကျဉ်း လေးဝယ်၊ ပတ်ချာဝိုက်၍ ကူးခတ်ရင်း
သေနေ့စောင့်စား သွားနေရသည့်
စရိုက်အသေ ၊ ဘဝ သေသည့်
ရွှေငါး ဘဝ ၊ အားကျစရာ မဟုတ်ပါ။



အားကျစိတ်တွင် ဖြစ်ချင်သည်ကား
တံငါ ကိုရှောင် ၊ ဗျိုင်းကို လှောင်၍
ကျောက်ဆောင်ကိုကွေ့ ၊ လှိုင်းကိုပွေ့လျှက်
ကူးခတ်စုန်ဆန် ကြမ်းတမ်းဘဝ ၊ သန်းကျော် ဖြတ်ကာ
အားနှင့်ရင်း၍ လှုပ်ရှားရုန်းကန် လွတ်လပ်ပျော်ပါး
သွားနေရသည့် ၊ မြစ်ငါး ချောင်းငါး ဖြစ်ရသော် ။ ။

( စင်ကာပူနိုင်ငံ၌ ဘဝနှင့်ရင်းကာ အခက်အခဲများကို ရင်ဆိုင်၍ စိတ်ဓါတ် မလျော့ ဖွဲမပျော့ဘဲ ကြိုးပမ်း နေကြသည့် မြန်မာလူမျိုးများ အားလုံးအတွက် အမှတ်တရ စာစု )

**ကိုမေတ္တာ (သင်းအုပ်ဆရာ)** ခေတ္တစင်ကာပူ ၊ အောက်တိုဘာ၊ ၂၀၀၇

---




## ဆားကလေးတစ်ပွင့် (မာရာနသာနီနီခိုင်)

"ဆား" ဟာ အိမ်တိုင်းမှာ မရှိမဖြစ် အမှန်တကယ် လိုအပ်သော အရာ ဖြစ်ပြီး လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာလဲ ချွေးထွက်များရင် ဆား ဓါတ်ကို ပြန်လည်ထည့်ပေးရပါတယ်။ အိမ်တိုင်းမှာရော လူတိုင်းမှာပါ မရှိမဖြစ်တဲ့ အရာဟာ ဆား ပါဘဲ။

ဆားနဲ့ ပါတ်သက်ပြီး အပါးပြောပြခဲ့တဲ့ ပုံပြင်လေးကတော့ … တစ်ခါ တုံးက သူဌေးကြီး တစ်ယောက်မှာ သမီးသုံးယောက်ရှိပါတယ်။ တစ်နေ့မှာ သူဌေး ကြီးဟာ သမီးအကြီးကိုခေါ်ပြီး "အဖေ့ကို ဘယ်လောက် ချစ်သလဲ"လို့မေးတော့ သမီးက မိုးမြေမက ချစ်တယ်လို့ ဖြေတာပေါ့။ အဖေဟာ အရမ်း စိတ်ချမ်းသာပြီး ပျော်ရွှင်သွားတယ်။ ဒါနဲ့ သမီးအလတ်ကိုခေါ်ပြီး အဖေ့ကို ဘယ်လောက် ချစ်သလဲလို့ မေးပြန်ရော၊ သမီးအလတ်ကလဲ ကမ္ဘာကြီးလောက် ချစ်တယ်ပေါ့။ ဒါနဲ့ တအားကျေနပ်ပြီး သမီးကြီးနှစ်ယောက် ရဲ့ အဖြေကို ပီတိဖြစ်ပြီး တပြုံးပြုံးနဲ့ပေါ့ကွယ်။ နောက်ဆုံး သမီးအငယ်လေးကိုခေါ်ပြီးတော့ ထုံးစံအတိုင်း ဘယ်လောက်ချစ်သလဲပေါ့။ သမီးငယ်ဟာ ဖခင်ကြီးကို ဆားတစ်ပွင့်စာလောက်ဘဲ ချစ်တယ်လို့ ပြန်ဖြေတော့ သူဌေးကြီးဟာ အရမ်း စိတ်ဆိုးပြီး သမီးအငယ်ဆုံးလေးကို အိမ်ပေါ်က နှင်ချလိုက်သတဲ့။

အဲဒီလိုနဲ့ သမီးငယ်က နှစ်အတော်ကြာတော့ ဖခင် သူဌေးကြီးကို သူ့အိမ်မှာ ထမင်းဖိတ်ကျွေးသတဲ့။ ဖခင်ကလည်း ထမင်း လာစားတာပေါ့။ သမီးဖြစ်သူရဲ့ လက်ရာမှန်သမျှကို စားကြည့်ပြီးတဲ့အခါ ဟင်းတွေ အကုန်လုံးပေါ့ရွှတ်ရွှတ် အရသာဖြစ်နေလို့ ဟင်းတစ်ခုမှ ဆား မထည့်ထားပါလား သမီးရဲ့လို့မေးတော့ အဖေက ဆားမှ မကြိုက်တာ အဲဒါကြောင့် ဟင်းတစ်ခုမှ ဆား မခတ် ထားဘူးလို့ ဖခင်ဖြစ်သူကို ပြန်ပြောတော့ ဖခင် သူဌေးကြီးလည်း သူ့ရဲ့ အမှားကို သူသိကာ နောင်တရသွားပြီး သမီးငယ်ကို သူ့စံအိမ်ကြီးဆီကို ပြန်ခေါ်သွားခဲ့ပါတယ်တဲ့။

နေရာတကာမှာ ဟိုပါ ဒီပါ စပ်စပ်စုစု လုပ်တတ်တဲ့ သူကို ပခိုးဆား "ပဲခူးဆား"လို့ခေါ်ကြပါတယ်။ ကျွန်မ ဒီလောကမှာ ရှိနေစဉ် အချိန်မှာ ဆားကဲ့သို့ အသုံးဝင်သူဖြစ်အောင် အပါးက ဒီပုံပြင်လေးကို ပြောပြခဲ့တာဖြစ်ပါတယ်။ ဘုရားသခင်ကလည်း ယုံကြည်သူများရဲ့ အသက်တာကို "သင်တို့သည် ဤလောက၏ ဆား ဖြစ်ကြ၏ မ ၅း၁၃" လို့ ဆိုထားပါတယ်။ ဆားကလေးကဲ့သို့အသုံးဝင်ရန် ယုံကြည်သူများရဲ့ အသက်တာကို အပ်နှံဖို့ သခင် အလိုရှိပါတယ်။

မိသားစု၊ ယုံကြည်သူများ၊ အသင်းတော်မှာဖြစ်စေ၊ ဘယ်နေရာမျိုးမှာဘဲ ဖြစ်ဖြစ် ကျွန်မတို့ ပြောဆိုဆက်ဆံတဲ့ စကားဟာ တစ်ဖက်သူအတွက် စိတ်နှစ်သိမ့်မှု၊ ငြိမ်သက်ခြင်း အထောက်အကူဖြစ်စေသော စကား မျိုးကိုဘဲ ပြောဆိုရန် အတွက် နှုတ်ကပါတ်တော်က "သင်တို့စကားသည် ဆား အားဖြင့် ငန်သော အရသာ နှင့် ပြည့်စုံလျှက် အစဉ်မပြတ် တင့်တယ် လျှောက်ပတ်ပါစေ။ ကောလောသဲ ၄း၆" လို့ သတိပေးထားပြန်ပါတယ်။

ယုံကြည်သူများရဲ့ အသက်တာမှာ အစဉ်မပြတ် တင့်တယ်သော၊ အရသာနှင့် ဖြူစင်သော နှလုံးသား ရှိစေဖို့ ကျရာနေရာမှာ အသုံးတော်ခံနိုင်ဖို့ ဘုရား ဘုန်းထင်ရှားစေဖို့ အတွက် အနှစ်အရသာနှင့် ပြည့်စုံသော ဆားပွင့်လေးများ ဖြစ်နိုင်ကြပါစေ။ ။

ခရစ်တော်၏ မေတ္တာဖြင့် … **မာရာနသာ နီနီခိုင်**

---

## သခင်အလိုရှိရင် (NKKH )

**(ရှင်မာကု ၁၁း၂–၃၊ သင်တို့ရှေ့၌ရှိသော ရွာသို့သွားကြ၊၊ ထိုရွာသို့ရောက်လျှင် အဘယ်သူမျှ မစီးဖူးသော မြည်းကလေး ချည်နှောင်လျှက် ရှိသည်ကို သင်တို့သည် ချက်ခြင်း တွေ့လိမ့်မည်၊၊ မြည်းကြိုးကို ဖြည်၍ ဆောင်ခဲ့ကြ၊၊ သူတပါးက အဘယ်ကြောင့် ဤသို့ ပြုသနည်းဟု သင်တို့အား ဆိုလျှင် သခင် အလိုရှိသည်ဟု ပြန်ပြောကြလော့၊၊ ထိုသို့ပြောလျှင် ထိုသူသည် ချက်ခြင်းပေးလိုက်မည်၊၊ ဟု မှာထားတော်မူ၏၊၊)**



ဒီကျမ်းပိုဒ်ကို ကျွန်မတို့ သေသေ ချာချာ ပြန်ပြီးဆန်းစစ်ကြည့်မယ် ဆိုရင် အံ့သြစရာကောင်းတဲ့ အချက်ဖြစ်တဲ့ "သခင်အလိုရှိသည်ဟု ပြန်ပြောကြ လော့" ဆိုတဲ့ အချက်ကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ ဆိုကြပါစို့ ကျွန်မတို့ အိမ်မှာ မွေးထားတဲ့ တိရစ္ဆာန်တစ်ကောင် ကောင်ကို သူများက ဘာမပြော ညာမပြောဘဲ လာယူရင် ကျွန်မတို့က "ဟဲ့ ဘာလုပ်တာလဲ၊ ဒါ ငါ့ တိရစ္ဆာန်" ဆိုတဲ့ မကျေနပ်တဲ့ လေသံမျိုးနဲ့ မေးမှာဘဲပေါ့နော်။ အဲဒီအချိန်မှာ လာယူတဲ့ သူက "သခင် အလိုရှိသည်" လို့ဆိုရင် ကျွန်မတို့က ပေးမှာလား။ "ဘာ သခင်လဲ၊ သွား၊ နားမလည်ဘူး" ဆိုပြီးမောင်းထုတ်မှာ သေချာပါတယ်။ ဒါပေမဲ့ ဘုရားသခင်က သူအလိုရှိတဲ့ သူအတွက် အရာရာကို ပြင်ဆင်ထားပြီး သားဖြစ်တဲ့အတွက် မာကု ၁၁း၆ မှာ "ထိုသူတို့သည် အခွင့်ပေးကြ၏" လို့ ဆိုထားပါတယ်။ ဘုရားသခင် ပြင်ဆင်ထားပြီးတဲ့ အရာကို ဘယ်သူကမှ ပြုပြင် ငြင်းဆိုခွင့်မရှိပါဘူး။ ဒီလိုပါဘဲ ကျွန်မတို့တတွေ စင်ကာပူကို ရောက်လာတယ် ဆိုတာဟာလည်း ဘုရားသခင်ရဲ့ ပြင်ဆင်ပေးမှုကြောင့် သာရောက်လာရတာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မရဲ့အကြောင်းကို နည်းနည်းပြောပြချင်ပါတယ်။ ကျွန်မဟာ ငယ်ငယ်လေးကတည်းက အရမ်း စိတ်ကူးယဉ်တတ်တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ စိတ်ကူးယဉ် နေရရင် ပျော်နေတတ်တဲ့ ကျွန်မဟာ စိတ်ကူးယဉ် ကမ္ဘာလေးထဲမှာ မလုပ်ဘူးတာ ဘာတစ်ခုမှ မရှိပါဘူး။ ကောင်းတဲ့ အလုပ်ရော၊ မကောင်းတဲ့ အလုပ်ရော အကုန်လုပ်ဖူးပါတယ်။ အဲဒီလို

စိတ်ကူးယဉ်တဲ့အထဲမှာ နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်ဆိုတဲ့ စိတ်ကူးမျိုး ဝင်လာရင် ကျွန်မ အဝင်မခံဘူး၊ စိတ်ထဲက မောင်းထုတ်ခဲ့ပါတယ်။ ငါနိုင်ငံခြားမှာ ဘယ်တော့မှ အလုပ် သွားမလုပ်ဘူးလို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ ကျွန်မဟာ စင်ကာပူနိုင်ငံအတွင်းမှာ အလုပ်လုပ် နေရပါတယ်။ တစ်ခါတစ်လေ ကျွန်မ ပြန်စဉ်းစားကြည့်တဲ့အခါ ဩော် သခင် အလိုရှိလို့ ဒီနေရာ ဒီအချိန်မှာ ငါရှိနေရတာပါလား၊ ငါ ဘာမှ မတတ်နိုင်ဘူး လို့ ပြန်သုံးသပ် မိပါတယ်။

သခင်အလိုရှိတာနဲ့ ပါတ်သက်လို့ အပိုဒ် သုံးပိုဒ် ခွဲပြီး လေ့လာသွားကြပါစို့ ...

၁) သခင် အလိုရှိလို့ ပေးတဲ့ အရာကို မထီမဲ့မြင် မပြုပါနဲ့။

၂) သခင် အလိုရှိလို့ ပို့ဆောင်တဲ့ နေရာမှာ သခင့်ရဲ့ ဘုန်းတော်ကို ထင်ရှား စေပါ။

၃) သခင် အလိုရှိတဲ့အတွက် သခင့် အလိုအတိုင်း လိုက်လျှောက် အသက် ရှင်ပါ။

***၁) သခင်အလိုရှိလို့ ပေးတဲ့အရာကို မထီမဲ့မြင် မပြုပါနဲ့။***

သခင်အလိုရှိလို့ ပေးထားတဲ့အရာကို ကျွန်မတို့ မထီမဲ့မြင် မပြုရပါဘူး။ မထီမဲ့မြင် ပြုခဲ့မယ်ဆိုရင် ကျွန်မတို့ရဲ့ အသက်တာဟာ ဧသောရဲ့ အသက်တာနဲ့ သွားပြီး တူနေမှာဖြစ်ပါတယ်။ ဧသော ဟာ ဘုရားသခင်က သူ့ကို သားဦး အရာကို ပေးထားခဲ့ပေမဲ့ သူက သားဦး အရာကို မထီမဲ့မြင် ပြုခဲ့တယ်။ **ကမ္ဘာဦး ၂၅း၃၄၊ ထိုအခါ ယာကုပ်သည် မုန့်နှင့် ပဲဟင်းကို ဧသော အား ပေးသဖြင့် သူသည် စားသောက်ပြီးမှ ထ၍သွားလေ၏။ ထိုသို့ ဧသောသည် စိစိနှင့် ဆိုင်သော သားဦးအရာကို မထီမဲ့မြင် ပြုသတည်း။** တစ်နေ့မှာ ဧသောဟာ တောလိုက်ရာက ပြန်လာပြီး ဆာလောင်နေတဲ့အချိန်မှာ သူ့ညီ ယာကုပ် ချက်တဲ့ ဟင်းရဲ့ မွှေးရနံ့ဟာ သူ့ရဲ့ ဆာလောင်မှုကို ပိုပြီး နိုးဆွခဲ့တာမို့ သူ့ညီဆီက အစားအစာကို တောင်းစားခဲ့တယ်။

ဧသော ဟာ သူ့ရဲ့ ကိုယ်ကာယ တပ်မက်မှု ပြေပျောက်ဖို့အတွက် ဘုရားသခင်ပေးတဲ့ သားဦးအရာကို မထီမဲ့မြင်ပြုခဲ့တယ်။ **က ၂၅း၃၁ ယာကုပ်ကလည်း ယနေ့ပင် သင်၏ သားဦးအရာကို ငါ့အား ရောင်းပါဟု ဆိုလျှင် ဧသောက ငါ သေလျှင်ပြီး၊ သားဦးအရာအားဖြင့် အဘယ်အကျိုး ရှိပါလိမ့်မည်နည်း ဟုဆို၏။**

ဒီနေရာမှာ ကျွန်မတို့ ယုံကြည်သူတွေ အရမ်းကို သတိထားဖို့ လိုပါတယ်။ တစ်ခါတစ်ရံမှာ ကျွန်မတို့ ရဲ့ တပ်မက်မှုဆိုတာ ရှိကြမှာပါဘဲ။ အဲဒီ တပ်မက်မှုတွေ အာသာပြေဖို့ အတွက် ကျွန်မတို့ ဘာတွေကို ရောင်းစားခဲ့ပြီးပြီလဲ။ ဘာတွေကို မထီမဲ့မြင် ပြုခဲ့ကြ ပြီးပြီလဲ။ ကျွန်မတို့ အယောက်စီတိုင်း မိမိကိုယ်ကို ပြန်လည် ဆန်းစစ်ကြည့် ကြ ရအောင်၊ ဓမ္မဟောင်းကျမ်းကို လေ့လာ ကြည့်မယ်ဆိုရင် နောက်ပိုင်းမှာ ဧသော ရဲ့ နာမည်ဟာ မထင်ရှားဘဲ၊ ယာကုပ်ရဲ့ နာမည်သာ ထင်ရှားလာတာကို ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။ **ထွက် ၃း၁၅ သို့ပြုလျှင် သူတို့ ဘိုးဘေးများ၏ ဘုရားသခင် အာဗြဟံ၏ ဘုရား၊ ဣဇာက်၏ ဘုရား၊ ယာကုပ်၏ ဘုရားတည်းဟူသော ... ။**

**ဆာလံ ၄၆-၇ ကောင်းကင်ဗိုလ်ခြေ ထာဝရဘုရားသည် ငါတို့ နှင့်အတူ ရှိတော်မူ၏။ ယာကုပ်အမျိုး၏ ဘုရားသခင်သည် ငါတို့ ခိုလှုံရာ ဖြစ်တော်မူ၏။**

***၂) ဘုရားသခင် အလိုရှိလို့ ပို့ဆောင်တဲ့နေရာမှာ ဘုရားဘုန်းကို ထင်ရှားစေပါ။***

ကျွန်မတို့ စင်ကာပူကို ရောက်လာကြတယ်ဆိုတာ ဘုရားသခင် အလို ရှိလို့ ရောက်လာရတာဖြစ်ပါတယ်။ ဒါ့ကြောင့် သခင့်အလိုတော်နဲ့ အညီ နေထိုင်သွားလာပြောဆို ဆက်ဆံရမှာဖြစ်ပါတယ်။ ဆိုလိုတာက ဘာဘဲလုပ်လုပ် ဆင်ခြင်ဉာဏ်တရားလေးရှိဖို့ဖြစ်ပါတယ်။ ဒါမှ နိုင်ငံခြားသားတွေက ကြည့်တဲ့



အခါ အတုယူ လေးစားစရာလေးတွေ ဖြစ်ပြီး ဘုရားဘုန်းတော် ထင်ရှားမှာ ဖြစ်ပါတယ်။ ကျွန်မကို မယုံကြည်သူ အသိတစ်ယောက်က နင်တို့ဘုရား ကျောင်းမှာ လစဉ် ပထမ အပါတ်တိုင်း ပွဲတော် မင်္ဂလာရှိတယ်၊ အဲဒီ ပွဲတော် မင်္ဂလာကို လည်း ထိုက်တန်တဲ့သူဘဲ စားရတယ် ဆိုတာ ဟုတ်သလားလို့ မေးတယ်။ ကျွန်မက ဟုတ်တယ်၊ မထိုက်တန်တဲ့သူ စားလို့ မရဘူးလို့ ဆိုတော့ သူအံ့သြတယ်။ ပြီးတော့လဲ သူက မထိုက်တန်ဘဲ ထိုက်တန်ချင် ယောင်ဆောင်ပြီး ဝင်စားတဲ့သူ ရှိလားတဲ့။ ကျွန်မက မရှိဘူးလို့ ပြောတော့ သူပို အံ့သြသွားတယ်။ ပြီးတော့ သူက ဩော် ခရစ်ယာန်တွေက သူတို့ ဘုရားအပေါ်မှာ တော်တော် ဖြောင့်မတ်ခြင်း ရှိတာဘဲနော်တဲ့။ ကျွန်မလဲ ဂုဏ်ယူဝင့်ကြွားစွာ ပြုံးပြုံးလေးနဲ့ ခေါင်းညိတ်ပြီး ဟုတ်တယ် လို့ ပြန်ဖြေလိုက်တယ်။ အခုလို အဘက်ဘက်က တိုးတက်နေတဲ့ ခေတ်မှာ အထူးသတိထားရမှာက လူငယ်တွေဖြစ်ပါတယ်။

ဘာဖြစ်လို့ လဲ ဆိုတော့ လူငယ်လေးတွေဟာ လူကြီးတွေအတွက် အားကိုးစရာဖြစ်တယ်။ ဒီလိုလူငယ်လေးတွေကို စာတန်က သွေးဆောင်လို့ ကောင်းတဲ့ အရွယ်ဖြစ်ပါတယ်။

ကျွန်မ စင်ကာပူ မလာခင် တစ်လ အလိုလောက်က တစ်နေ့သော တနင်္ဂနွေမှာ ကိစ္စတစ်ခုနဲ့ ရွာတစ်ရွာကို သွားခဲ့တယ်။ အဲဒီအခါမှာ ရွာခံ သူငယ်ချင်းက ကျွန်မကို အရက်ဆိုင်ထဲ လက်ညှိုးထိုးပြပြီး "ဟိုမှာကြည့် ငါတို့ လူငယ် ဥက္ကဋ္ဌ အရက်ဆိုင်မှာ အရက်ထိုင်သောက်နေတယ်"တဲ့ အရက်ဆိုင် ဆိုတော့ ကျွန်မလို မိန်းကလေးတစ်ယောက် အနေနဲ့ သေသေချာချာ မကြည့် လိုက်မိပေမဲ့လည်း၊ စိတ်ထဲမှာ တော်တော် မကောင်းဖြစ်သွားမိတယ်။ ပြီးတော့ သူ့ကိုလဲ ဘာဖြစ်လို့ လူငယ် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ တနင်္ဂနွေနေ့မှာ အရက်ဆိုင်ထဲ အရက် လာသောက်နေတာလဲလို့။ ဒီလိုမျိုးလုပ်ရပ်တွေဟာ စာတန် ကြိုက်နှစ်သက်တဲ့ လုပ်ရပ်လုပ်ကွက်တွေဘဲဆိုတာ လူငယ်တိုင်း နားလည် သဘောပေါက်ထားသင့်ပါတယ်။ လူရယ်လို့ ဖြစ်လာမှတော့ ဒုက္ခတွေ၊ အခက် အခဲတွေ၊ အကျပ်အတည်းတွေကို လူတိုင်း ရင်ဆိုင်ရမှာဘဲ။ စာတန်ရဲ့ သွေးဆောင်မှုအတိုင်းလိုက်လျှောက်ကြတော့မှာလား။

သီချင်းတစ်ပုဒ်က ဘာပြောထားသလဲ ဆိုတော့ ဘုဆိုတာ ပန်းခင်း လမ်း မဟုတ်ဘူးတဲ့၊ ပန်းခင်းလမ်းမဟုတ်တဲ့ ဆူးခင်းထားတဲ့လမ်းကို ဖြစ်ကျော် နိုင်ဖို့ အတွက် ဘုရားသခင်ဆီက ခွန်အားယူရမှာဖြစ်ပါတယ်။ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားဟာ အရာရာတတ်စွမ်းနိုင်တဲ့ ဘုရားဖြစ်ပါတယ်။ ဘုရားသခင် ပေးထားတဲ့ ဉာဏ်စွမ်းဉာဏ်စလေးတွေနဲ့ ရှိတဲ့နေရာ၊ ရောက်တဲ့အရပ်မှာ ကိုယ့်ကြောင့် ဘုရားရဲ့ ဘုန်းကိုမမှေးမှိန်စေဘဲ ဘုန်းထင်ရှားအောင် လုပ်ရမှာ ဘုရားသားသမီးတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ တမာန်တော်ကြီး ရှင်ပေါလုက ဘာပြော ထားသလဲဆိုတော့ ... **၂တိ ၄း၂ နှုတ်ကပါတ် တရားတော်ကို ဟော ပြောလော့၊ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစား အားထုတ်လော့။ အပြစ်ကို ဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန် ရှည်သောစိတ်နှင့် ဩဝါဒ မျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။** တဲ့။

***၃) သခင် အလိုရှိတဲ့ အတွက် သခင့်အလိုအတိုင်းအသက်ရှင်ပါ။***

ကျွန်မတို့ သိထားရမှာက "သခင့်အလိုတော်က ဘာလဲ" ဆိုတာကိုပါ။ တစ်ခါ တစ်ခါကျရင် ကျွန်မတို့က ကိုယ်လိုချင်တဲ့အရာကို ဘုရားဆီမှာ တောင်းတတ်ပေမဲ့ ကိုယ်တောင်းလိုက်တဲ့ အရာဟာ ကိုယ်နဲ့သင့်တော်တယ်၊ မသင့်တော်ဘူးဆိုတာကို မသိ၊ အန္တရာယ် ရှိတယ် မရှိဘူးဆိုတာကိုလဲ မသိဘူး။ လိုချင်တဲ့စိတ် တစ်ခုတည်းနဲ့ဘဲ။ တောင်းတတ်တယ်။ တစ်ခါတစ်လေကျရင် ဘုရားသခင်က ကျွန်မတို့ လိုချင်တာထက် လိုအပ်တာကိုဘဲ ပေးတယ်။ အဲဒီလို တောင်းတိုင်းမရခဲ့ရင် ဘုရားရဲ့ အလိုတော်ကို မသိဘဲနဲ့ ဘုရားသခင်ကို ငြိုငြင် ကြမှာလား။ ကျွန်မတို့ ငယ်ငယ်တုံးက ညဆို ဆုတောင်းပြီးမှအိပ်၊ မနက် အိပ်ယာ ထရင်လည်း ဆုတောင်းပြီးမှ လုပ်စရာ ရှိတာ လုပ်ပါလို့ အဖေ အမြဲဘဲ ပြောတယ်။

အဲဒီအခါ ကျွန်မက အဖေ့ကို ဘာဆုတောင်း ရမလဲလို့ မေးတယ်။ အဖေက တောင်းချင်တာ တောင်းလို့ရတယ်တဲ့။ ဘုရားသခင်က သူဌေးလား ဟင် ဆိုတော့၊ ဟုတ်တယ်တဲ့။ ဒါဆိုရင် စက်ဘီး တောင်းမယ်ဆိုပြီး ကျွန်မ ဆုတောင်းပါတယ်။ တစ်ခါမှ မရဘူး။ ဒါနဲ့ ကျွန်မက အဖေ့ကို "အပါး ဘုရားသခင် ဆီမှာ စက်ဘီး မရှိဘူးနဲ့ တူတယ်နော်"လို့ ပြောလိုက်တယ်။ အဖေက "ရှိတာပေါ့"တဲ့၊ "ရှိတာမှ အများကြီးရှိတယ်"တဲ့။ "ဘာဖြစ်လို့ သမီးကိုမပေးတာလဲ" ဆိုတော့ "ဥပမာ သမီးက စက်ဘီးရလို့ လျှောက်စီးတယ် ထား၊ စက်ဘီးနဲ့ ကားနဲ့ တိုက်ပြီး သမီး သေမလား၊ စက်ဘီး အချင်းချင်း တိုက်ပြီး သမီး ဒဏ်ရာရမလား။ ဆိုတာ လူက မသိပေမဲ့ ဘုရားက ကြိုတင် သိတယ်"တဲ့။ အခုလို ငယ်သေးတဲ့အချိန်မှာ အန္တရာယ်ရှိလို့သမီးကို မပေးတာ ပါ၊ နောင် သမီးကြီးလာတဲ့အခါ ဘုရားက စက်ဘီးတင် မကဘူး၊ မော်တော်ကား တောင်ပေးနိုင်ပါတယ်"တဲ့။ အခု ကျွန်မတို့ အရွယ်ရောက်လာချိန်မှာ တော်တော် များများကို သိနေပါပြီ။ ဘုရားသခင်ဟာ ကျွန်မတို့ လိုချင်တာထက် လိုအပ်တဲ့ အရာကိုပေးတဲ့ ဘုရားပါလား။ အဲဒီလို အလိုတော်အတိုင်း လိုအပ်တာကို ပေးတဲ့ ဘုရားအတွက် ကျွန်မတို့ ယုံကြည်သူတွေဟာလည်း ဘုရားသခင် အလိုတော်ရှိတဲ့ အလိုတော်အတိုင်းလေးဘဲ လိုက်လျှောက် အသက်ရှင်ကြပါစို့။

**ရော ၁၅း၂၂-၂၃ – အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက် သာ၍ကောင်း၏။ ငြင်းဆန်သော သဘော သည် နတ်ဆိုးနှင့်ပေါင်းဖော်ခြင်း ကဲ့သို့လည်းကောင်း၊ ခိုင်မာသော သဘောသည် ဖေဇင် တန်ဆာကိုးသုံးခြင်း ကဲ့သို့လည်းကောင်း အပြစ်ကြီး၏။**

သခင့်အလိုတော်အတိုင်း လိုက်လျှောက် အသက်ရှင်နိုင်သောသူ အယောက်စီတိုင်း ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုလျက် ... ။
ခရစ်တော်၌ မေတ္တာဖြင့် – **NKKH** (ရွှေပြည်သာ)

---

## စားခြင်း



တချို့က ခပ် ကုပ်ကုပ် နဲ့ လုပ် စားတယ်။
တချို့က ခပ် ရှုပ်ရှုပ် နဲ့ ညာ စားတယ်။
တချို့က ခပ် ပြာပြာ နဲ့ ရှာ စားတယ်။
တချို့က ခပ် မာမာ နဲ့ ခိုင်း စားတယ်။
တချို့က ခပ် ထန်ထန် နဲ့ ဟောက် စားတယ်။
တချို့က ခပ် ရွံ့ရွံ့ နဲ့ ကောက် စားတယ်။
တချို့က ခပ် မော့မော့ နဲ့ မြှောက် စားတယ်။
တချို့က ခပ် ပျော့ပျော့ နဲ့ တောင်း စားတယ်။
တချို့က ခပ် ပြုံးပြုံး နဲ့ ပေါင်း စားတယ်။
တချို့က ခပ် ထောင်ထောင် နဲ့ ရောင်း စားတယ်။
တချို့က ခပ် ပြောင်ပြောင် နဲ့ နှိုက် စားတယ်။



တချို့က ခပ် ကြောင်ကြောင် နဲ့ ပေါင် စားတယ်။
တချို့က ခပ် တင်းတင်း နဲ့ တိုက် စားတယ်။
တချို့က ခပ် အူအူ နဲ့ ယူ စားတယ်။
တချို့က ခပ် နွဲ့နွဲ့ နဲ့ ချူ စားတယ်။



တချို့က ခပ် ကြွားကြွားနဲ့ ဖား စားတယ်။
တချို့က ခပ် ချိုချို နဲ့ ကပ် စားတယ်။
တချို့က ခပ် ရဲရဲ နဲ့ လု စားတယ်။
တချို့က ခပ် လည်လည် နဲ့ ဝယ် စားတယ်။
တချို့က ခပ် တည်တည် နဲ့ လိမ် စားတယ်။
တချို့က ခပ် တိုးတိုး နဲ့ ခိုး စားတယ်။
လောက လူသားတွေကြားမှာ "စားခြင်း" အမျိုးမျိုး ရှိတယ်။
အဲဒီလို "စားခြင်း"တွေထဲမှာ "အမှား ကင်း" နိုင်ကြပါစေ ။ ။

**မင်းအောင်သက်လွင်**

---

## လိုတရတဲ့ သခင်ခရစ်တော်



ပူပြင်းတဲ့ ဘဝမှာ သခင်ဟာ အရိပ် တစ်ခုပါ။
မှောင်မိုက်တဲ့ ညမှာ သခင်ဟာ အလင်း တစ်ခုပါ။
မောပန်းချိန်မှာ သခင်ဟာ ခိုနားခွင့်ပေးလျှက်ပါ။
လဲကျချိန်မှာ သခင်ဟာ ထူမ ပေးလျှက်ပါ။
ထိခိုက်ချိန်မှာ သခင်ဟာ ကုသ ပေးလျှက်ပါ။
အားကိုးစရာ၊ စိတ်ချစရာ သခင်ဟာ ကျွန်ုပ်အနားမှာပါ။
ဒုက္ခရောက်ချိန်မှာ သခင်ဟာ တီးတိုးဖော် ရင်ဖွင့်ရာ တိုင်ပင်ဘက်ပါ။
အမှားနဲ့ အမှန်ကို သခင်ဟာ သင်ပြပေးတဲ့ ဆရာပါ။
မှားတဲ့ အခါမှာ သခင်ဟာ အမှန်ကို ပြင်ပြီး ခွင့်လွှတ်ပေးသူပါ။
ရှုံးနိမ့်ချိန်မှာ သခင်ဟာ ခွန်အားဖြည့်ပေးသူပါ။
တမ်းတချိန်မှာ သခင်ဟာ ကျွန်ုပ်အနားမှာပါ။
(စာဖတ်သူ အားလုံး သခင်ခရစ်တော်ရဲ့ ကောင်းကြီးမင်္ဂလာ အဖြာဖြာနှင့် ပြည့်ဝနိုင်ပါစေ။)

**ရှိန်မေရီ (နယ်သီဇော်)**

---

## အရေးပေါ် ဆက်သွယ်ရန်ဖုန်းနံပါတ်များ



* စိတ်နှလုံး ပူပန်နေတဲ့အခါ ယော ၁၄ ကိုခေါ်ပါ။
* အပြစ် လုပ်မိတဲ့အခါ ဆာလံ ၅၁ ကိုခေါ်ပါ။
* ဘေးအန္တရာယ် တွေ့ကြုံတဲ့အခါ ဆာလံ ၉၁ ကိုခေါ်ပါ။
* လူတွေက နောက်ယှက်တဲ့အခါ ဆာလံ ၂၇ ကိုခေါ်ပါ။
* ဘုရားနဲ့ဝေးကွာ နေတယ်လို့ ခံစားရတဲ့အခါ ဆာလံ ၁၃၉ ကိုခေါ်ပါ။
* ယုံကြည်ခြင်းစိတ် နိုးထဖို့ လိုအပ်တဲ့အခါ ဟေဗြဲ ၁၁ ကိုခေါ်ပါ။
* အထီးကျန် ကြောက်လန့်တဲ့အခါ ဆာလံ ၂၃ ကိုခေါ်ပါ။
* စိုးရိမ်စိတ်တွေ ဝင်လာတဲ့အခါ မဿဲ ၈း၁၉–၃၄ ကိုခေါ်ပါ။
* နာကျင်မှုခံစားရတဲ့အခါ ၁ကော ၁၃ ကိုခေါ်ပါ။
* ခရစ်ယာန်အသက်တာ အကြောင်းကို ပိုမိုသိလိုတဲ့အခါ ၂ကော ၅း၁၅–၁၈ ကိုခေါ်ပါ။
* လူတွေက ဝိုင်းကြည့် ပစ်ပယ်ကြတဲ့အခါ ရောမ ၈း၃၁–၃၉ ကိုခေါ်ပါ။
* ငြိမ်းချမ်းမှုကို လိုတဲ့အခါ မဿဲ ၁၁း၂၅–၃၀ ကိုခေါ်ပါ။
* လောကအရာတွေက ဘုရားသခင်ထက် ကြီးမြတ်တယ်လို့ ထင်လာတဲ့အခါ ဆာလံ ၉၀ ကိုခေါ်ပါ။
* ခရစ်တော် ရဲ့ ထာဝရ အာမခံချက်ကို လိုတဲ့အခါရောမ ၈း၁–၃၀ ကိုခေါ်ပါ။
* ခရီးဝေး ထွက်တဲ့အခါ ဆာလံ ၁၂၁ ကိုခေါ်ပါ။
* အားပေးမှု လိုအပ်တဲ့အခါ ယောရှု ၁ ကိုခေါ်ပါ။
* စိတ်ဖိစီးမှု ခံစားရတဲ့အခါ ဆာလံ ၂၇ ကိုခေါ်ပါ။
* အိတ်ထဲမှာ ငွေတစ်ပြားမှ မရှိတော့တဲ့အခါ ဆာလံ ၃၇ ကိုခေါ်ပါ။
* လူတွေက ရင်းနှီးပွင့်လင်းစွာ မဆက်ဆံတဲ့အခါ ယော ၁၅ ကိုခေါ်ပါ။
* မြှော်လင့်ချက် မဲ့သွားတဲ့အခါ ဆာလံ ၁၂၆ ကိုခေါ်ပါ။
* လောကကြီးက ကိုယ်နဲ့ နှိုင်းရင် သေးငယ်တယ်လို့ ထင်မိတဲ့အခါ ဆာလံ ၁၉ ကိုခေါ်ပါ။
* ထိတ်လန့် ကြောက်ရွံ့တဲ့အခါ ဆာလံ ၄၇ ကိုခေါ်ပါ။

ဤ ဖုန်းနံပါတ်များ အားလုံးသည် တိုက်ရိုက် ဆက်သွယ်နိုင်သော နံပါတ်များ ဖြစ်ပါသည်။ ကြားခံ ဆယ်သွယ်ပေးမည့် ဆက်သွယ်ရေးအရာရှိနှင့် တဆင့်ခံ လိုင်းခွဲများ မရှိပါ။ တယ်လီဖုန်းလိုင်းနံပါတ်များ အားလုံးကို ၂၄ နာရီ အချိန်မရွေး ဆက်သွယ် ခေါ်ဆိုနိုင်ပါသည်။

---

## ပုရွှးမရေးတဲ့စာ – ၂ (ပုရွှးမ)

ဟဲ့–သူငယ်ချင်း၊ ငါမှာထားတဲ့ စကားကို နားမထောင်ဘဲ ငါ့စာကို ဘာဖြစ်လို့ သခင့်စကားထဲ ထည့်လိုက်တာလဲ။ ပထမ ဖတ်နေရင်းနဲ့ ငါနဲ့ အရမ်းတူ နေပါလားပေါ့ ၊ မသင်္ကာတာနဲ့ နောက်တစ်ရွက်ကို လှန်ဖတ်ကြည့်တော့မှ ငါရေးထားတဲ့ စာမှန်းသိတာ။ သခင့်စကားစာစောင် ထဲမှာ ကိုယ်ရေးထားတဲ့ စာပါလာလို့ အရမ်း ဝမ်းသာရပါတယ်၊ ငါ ကဘောက်တိ ကဘောက်ချာ ရေးထားတဲ့ စာကို နင်က စာစောင်ထဲထည့်တော့ သူများတွေ ဖတ်မိရင် ဝိုင်းလှောင်နေကြပါအုံးမယ်။

မြန်မာပြည်မှာတုံးက လူကြီးမိဘ စကားနားမထောင်ခဲ့လို့ အခု ပြန်ခံစား နေရတဲ့ အခက်အခဲလေးတွေ ရေးပြမလို့ပါ။ ငါက နဂိုကတည်းက ပေါင်၉၀ ဘဲရှိတာ အခု ၄–၅ပေါင် လောက်ကျ သွားပြီ။ အလုပ် မကြောက်ပေမဲ့ အစား အသောက် မဝ၊ အာဟာရ မရှိတော့ စိတ်ဆင်းရဲတယ်။ ဆန်ပြုတ်က တစ်ပါတ်ကို နှစ်ခါစားရတယ်။ နို့ဆီ သကြားမပါတဲ့ တရုတ်ဖြစ် လက်ဖက်ရည်၊ ခေါက်ဆွဲခြောက် ညစာနဲ့ဘဲ လွေးနေရတယ်။ သူတို့ ကျွေးသလောက်ဘဲ စားရတယ်။ ထပ်တောင်းစားရမှာ ရှက်တယ်။ နည်းနည်းလေးနဲ့ ကောင်းကောင်း ချက်တဲ့နေ့ဆို ငိုရပြီဘဲ။ မဝလို့။ ဆန်ပြုတ်ဘဲ ဝတယ်။ ဆားနဲ့ ဆန်နဲ့ပြုတ် အပေါ်ယံကနေ **Fish cake** ပါးပါးလှီးထားတဲ့ဟာ ဖြူးပေးတယ်။ ငါးရိုး အသားလုံးနဲ့လည်း တစ်ခါတစ်လေ ပြုတ်တယ်။ ဘယ်လိုမှ အာဟာရ မဖြစ်၊ အရသာ မရှိ။ အရင်တုံးကတော့ ကလေးကျောင်းသွားကြိုရင် ငါ တစ်ခုခု ဝယ်စားတယ်။ အခု မစားတော့ဘူး။ ( မဝယ်စားနိုင်တာလဲ ပါတယ်။ အဲဒီလိုသာ ဝယ်စားနေရရင် ကိုယ်ရတဲ့ လခနဲ့ ဘယ်ကျန်ပါတော့မလဲ)။ ရောဂါ အဖြစ်ခံတယ်။ သူဌေး တွေငါ့ကို မကြိုက်လို့ ပွဲစားဆီ ပြန်ပို့ပါစေလို့ ဆုတောင်းတယ်။ မနေ့ညက မျက်တွင်းတွေ အရမ်းချောင်နေလို့ အိမ်ရှင်က မေးတယ်။ ညက မအိပ်ဘူးလားတဲ့၊ အိမ်မပျော်ဘူး မိသားစုအကြောင်း တွေးနေလို့လို့ ဖြေလိုက်တယ်။ အစားအသောက် မဝဘူးလို့ မပြောရဲဘူး။ ဟိုး အရင် အမေ ဆူခဲ့တုံးက ပြန်ခံပြောခဲ့တဲ့ ငါ့ပါးစပ်ဟာ အခုလို တစိမ်းလူတွေနဲ့ ကျတော့ ပြန်ခံ ပြောဖို့ ဆွံ့အနေပြီလေ။ ဒါဘဲဟာ နောက်မှ ဆက်ရေးတော့မယ်။

**(ပုရွှးမ)**

---

## မိခင်ရဲ့ ဆုံးမစကားများ (ဓလေးချူလိုင်)

နိုဝင်ဘာလဟာ မာမီ့ရဲ့ မွေးနေ့ကျရောက်မဲ့ လ ဖြစ်ပါတယ်။ လောက လူသားတိုင်း ကိုယ့်မွေးသ မိခင်ရဲ့ ကျေးဇူးကို မေ့ပစ်လို့ ရကြမယ်လို့ မထင်ပါဘူး။ ငယ်စဉ် အရွယ် ကလေး ဘဝကတည်းက ယခုအချိန်အထိ သားသမီးတွေ တစ်ယောက်စီကို နာမည်နဲ့ တကွ တပ်ပြီး ဆုတောင်းပေးခဲ့တဲ့ မိခင်ကြောင့် လောကအလယ်မှာ သမီးတို့ မျက်နှာ မငယ်ရပါဘူး မာမီ။ မာမီရဲ့

ဆုံးမခဲ့တဲ့ စကားတွေထဲက မှတ်မိ သလောက် စာသားတွေနဲ့ ပြန်ပြီး ဂုဏ်ပြုပါရစေ။

* ယနေ့ ကမ္ဘာကြီးက ဖျားနာနေတယ်။ ဆုတောင်းခြင်းနဲ့ အသက်ရှင်ပါ။
* ဘဝဟူသည် ကွဲအက်တတ်၏၊ ဆုတောင်းခြင်းဖြင့် အနိုင်ယူပါ။
* ဆင်းရဲတာကို ခံနိုင်ရည် ရှိပေမဲ့ ချမ်းသာတဲ့ ဒဏ်ကို မခံနိုင်ကြ ဘူး။ ဆုတောင်း ခြင်းဖြင့် ကျော်လွှားပါ။
* ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ရင် သူတပါးကိုခွင့်လွှတ်ဖို့လဲ မလွယ်ဘူး။ ဆု တောင်းခြင်းဖြင့် ခွန်အားယူပါ။
* ခွေးကောင်းနဲ့ ခွေးရူး ကိုက်ရင် ခွေးကောင်းဘဲ နာလိမ့်မယ်။ အဆိုးအားဖြင့် အရှုံး မခံနှင့်၊ အကောင်းအားဖြင့် အဆိုးကို အနိုင်ယူပါ။
* ကျမ်းစာ မဖတ်ရင် ၊ မနက်စာ မစားနဲ့။
* တစ်ယောက်အားနဲ့ အနည်းငယ်သာ၊ စုပေါင်းအားနဲ့ ဝိုင်းညီပါ။ အတူတကွ ဆုတောင်းကြပါ။



မာမီဟာ စာရေးဆရာမ တစ်ယောက် မဟုတ်ပေမဲ့ သူပြောခဲ့တဲ့ စကားလေး တွေနဲ့ ကျွန်မထံ ရေးသားတဲ့ စာတွေထဲက စာသားတစ်ချို့ကို ကျွန်မ မှတ်မိ သလောက် ပြန်လည်ရေးသားရင်း မိခင်ကြီးကို ဂုဏ်ပြုလိုက်ပါတယ်။ စာဖတ်သူ မိတ်ဆွေလည်း ခွန်အားရမယ်လို့ မျှော်လင့်ပါတယ်။

ကမ္ဘာလောကကို အလှဆင်နေကြတဲ့ မိခင်များအား ဘုရားရှင် ကောင်းကြီး ပေးပါ စေ။ ပျော်ရွှင်သော မွေးနေ့ ဖြစ်ပါစေ မာမီ။

**ပညာစကားကို ပြောတတ်၍ မေတ္တာတရားအားဖြင့် နှုတ်မြွက် တတ်၏။ သုတ္တံကျမ်း ၃၁း၂၆။** **မဓလေး (ဂျူလိုင်)**

---

## ရှင်ပေတရု၏မှာတမ်း (Samuel Soe Lwin)

*နိဒါန်း* ။ ။ လူတစ်ဦး၏ နောက်ဆုံးအမှာစကားသည် အလွန်အရေးကြီး ကြောင်း ခရစ်တော်၏ နောက်ဆုံးမိန့်မှာချက်ကို လူအများစုက ကိုးကား ပြောဆိုလေ့ရှိပါသည်။ စာရေးသူအနေဖြင့် မူကား ရှင်ပေတရု၏ နောက်ဆုံး နှုတ်ဆက် စကားကို ဆွေးနွေးလိုပါသည်။ ရှင်ပေတရုဟာ ခရစ်တော် ဘုရား ကိုယ်တိုင် ရွေးတော်မူတဲ့ တပည့်တော် တစ်ဆယ့်နှစ်ပါးတွင် အပါအဝင် ဖြစ်ပြီး လူထောင်ပေါင်း များစွာကို ဝိညာဉ်တော် တန်ခိုးဖြင့် ကယ်တင်ခြင်းတရားကို ဝေငှခဲ့သည့် ဧဝံဂေလိဆရာတစ်ပါးလည်းဖြစ်၏၊ တမန်တော် ၊ ၂း၁၄–၄၇) ရှင် ပေတရု ဒုတိယစောင် အခန်းကြီး တစ် ၊ အခန်းငယ် တစ်ဆယ့်နှစ်မှ တစ်ဆယ့် ငါးအား အနည်းငယ်စီ ခွန်အားပေးလိုပါသည်။ ( ၂ပေ ၁း၁၂–၁၅)

### ၁။ ရှင်ပေတရု၏ သတိပေးမှု ( ၂ပေ ၁း၁၂)။

**ယခု ဟောပြောသော သမ္မာတရား ကို သင်တို့သည် နားလည်၍ တည်ကြည်ခြင်း ရှိသော်လည်း ဤသို့သော စကားများနှင့် သင်တို့အား အစဉ်မပြတ် သတိပေးမည့် အမှုကို ငါမမေ့ မလျော့( ၂ပေ ၁း၁၂)**

အေဒီ ၆၇ခုနှစ်တွင် နေရိုးဘုရင်၏ ခရစ်ယာန်များအား နှိပ်စက် ညှဉ်းပန်းမှုတို့ကြောင့် အရပ်ရပ်သို့ရောက်ရှိနေသော ယုံကြည်သူများကို တမန်တော် ရှင်ပေတရုက သတိပေးရေးသားထားသော စာပင်ဖြစ်သည်။ ယုံကြည်သူတို့သည် သမ္မာတရားကို သိသော်ငြားလည်း ရှင်ပေတရုသည်သူ၏ မေ့နိုင်ဘွယ် မရှိသော ကိုယ်တွေ့ သင်ခန်းစာကို အခြေပြု၍ ကြားနာ လက်ခံ ထားသော သမ္မာတရားကို အစဉ် သတိပြု ရန် နှိုးဆော်နေခြင်း ဖြစ်ပါ သည်။

အကြောင်းမှာ ရှင်ပေတရု ကိုယ်၌က ခရစ်တော်၏ အပါး၌ သုံးနှစ် သုံးမိုးမက နေလာခဲ့သော်လည်း ခရစ်တော်အား သုံးကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့မှု တို့က ရှင်ပေတရု တစ်သက်တာအတွက် မမေ့နိုင်စရာ အဖြစ်ဆိုး တစ်ခုပေမို့ မယုံကြည်သူတို့၏ ညှဉ်းပန်းမှု ကဲ့ရဲ့ဝိုင်းပယ်မှု တို့သာမက ယုံကြည် သူများ အ ကြားမှာယွင်းသော ယုံကြည်မှုတို့ကို သွန်သင်၍ ခရစ်တော်အား ငြင်းပယ် နေသော ဘာသာရေးဆရာတို့နှင့် တွေ့ဆုံရင်ဆိုင်နေရသော သူတို့အား လမ်း မမှားစေရန် ရှင်ပေတရု၏ ဆိုလိုချက်သည်ကား "ကျွန်ုပ်တို့သည် အဘယ်မျှ ခရစ်တော်နှင့် နေလာကြသည် ဆိုသည့်ကာလ" "အဘယ်မျှ အကျွန်ုပ်တို့ ဆက်ကပ်မှု ရှိကြသည်ဆိုသည့် အတိုင်းအတာ" "အကျွန်ုပ်တို့ အဘယ်မျှ ကြည်ညိုဆက်ကပ်ပါသည်" တို့သည် လမ်းမမှားစေရန်အတွက် အာမခံချက် များမဟုတ်ပါလေ။ ယုံကြည်သူ အသက်တာတွင် အမြဲ လမ်းမလွဲသွားဖို့ရန် အတွက်ကား နှုတ်ကပါတ်တော်အား အစဉ်သတိရ ဆင်ခြင်မှုပြုခြင်း ပင်ဖြစ် လေ၏။ ဒီနေရာမှာ ရှင်ပေတရု က "သင်တို့အစဉ် မပြတ်သတိပေးမည့်အမှု " ဟူ၍ ဆိုထားသည်မှာ အမှန်သိသင့်သော သမိုင်းတစ်ခုရှိပါသည်။

၄င်းမှာ ရှင်ပေတရုသည် သူ မလွဲမသွေ ရင်ဆိုင်ရမည့် သေခြင်း တရားကို သိရှိထားခြင်းဘဲ ဖြစ်ပါသည်။ လူသေသော်လည်း နာမည် မသေ လိုသော ရှင်ပေတရုက အစဉ်မပြတ်သတိပေးမည့်အမှု **"I will always remind you"** ဟူ၍ သေတမ်းစကား ဆိုနေခြင်းပင် ဖြစ်လေသည်မို့ အ ဘယ်မျှ "နှုတ်ကပါတ်တော်ကို အစဉ်သတိပြုဖို့ရန်" အရေးကြီးလှပါသနည်း ၂ပေ ၁း၁၂

### ၂) ရှင်ပေတရု ၏ နှိုးဆော်မှု ( ၂ပေ ၁း၁၃–၁၄)။

**ငါတို့ သခင်ယေရှုခရစ်သည် ဗျာဒိတ်တော် ပေးတော်မူသည့်အတိုင်း ငါ တည်းခိုရာ တဲကို မကြာမမြင့်မှီ ငါဖယ်သွားရမည့် အရာကို ငါသိမှတ်၍ ဤတဲ၌ နေစဉ် ကာလပါတ်လုံး သင်တို့ကို သတိပေး၍ နှိုးဆော်အပ်သည်ဟု ငါသဘောရှိ၏။ (၂ပေ ၁း၁၃–၁၄)**

အထက်ပါ ကျမ်းစကားအားဖြင့် ရှင်ပေတရု၏ စကားသည် သေတမ်း စကားမှန်း ကောင်းစွာ သိနိုင်ရုံသာမက ခံမှန်ဘူးသော စာသူငယ် အဘယ်မျှ သတိရှိကြောင်း လဲပေါ်လွင်နေပါသည်။ **သင်သည် ငယ်သော အသက်ရှိစဉ် ကိုယ် ကိုယ်ကို ခါးစည်း၍ အလိုရှိရာ အရပ်ရပ်သို့ သွားလာတတ်၏။ သင်သည်အိုသော အခါ လက်နှစ်ဘက်ကို ဆန့်ပြီး လျှင် သူတစ်ပါးသည် သင့်ကို ခါးစည်း၍ သင်အလိုမရှိရာ အရပ်သို့ ပို့သွားလိမ့်မည်။ ယော ၂၁း၁၈၊** ဆိုသော ခရစ်တော်၏ ဗျာဒိတ်စကားကို အစဉ်အောက်မေ့နေလေ၏။ ထိုစဉ်ကတည်းက ခရစ်တော်က ရှင်ပေတရု အဘယ်သို့သေမည်ကို ပြောခဲ့သော်လည်း ယော ၂၁း၁၉။ ဘယ်အချိန်ဟူ၍ကား မပြောခဲ့ပါချေ။ သို့သော် ယခု အသက် ၆၀ကျော် ရှင်ပေတရုမှာကား ကောင်းစွာ သိရှိနေလေပြီ။ ထို့ကြောင့်လည်း သူလက်ခံ ရရှိထားသော လက်ကျန်အချိန်လေးကို နောင်လာနောက်သား ယုံကြည် သူတို့အတွက် ပညာရှိစွာ အသုံးချနေခြင်းပင်ဖြစ်သည်။ ဤတဲ၌ ရှိနေစဉ် ကာလပါတ်လုံး သင်တို့ကို သတိပေး၍ နှိုးဆော်အပ်သည် ဟူ၍ ရှင်ပေတရု ဆိုသော်လည်း အသစ်အဆန်းများကို သွန်သင်၍ မဆွဲဆောင်ခဲ့ပါချေ။

၂ပေ ၁း၁–၁၁ တွင်ကြည့်ပါက ကယ်တင်ခြင်း တရားနှင့် ခရစ်ယာန်အသက်တာ လမ်းစဉ်ကိုသာ တွေ့မြင်နိုင်၏။ ၂ပေ ၃း၁ တွင်ကြည့် ပါကလည်း မူရင်း သမ္မာတရား စစ်ကို နှိုးဆော်နေခြင်းပင်ဖြစ်သည်။ ခရစ်ယာန် မှတ်တမ်း ရာဇဝင် အရ ဇွန်လ ၉ ရက် မတိုင်မီ အေဒီ ၆၈ တွင် နေရိုး ဘုရင်မှ ကားစင်တင် သတ်ခဲ့ကြောင်း သိရပါသည်။ ထို့အတူ ကျမ်းတတ်ဆရာ အော်ရဂျင် ကလည်း ရှင်ပေတရုသည် ကားတိုင်၌ သခင်ယေရှုကဲ့သို့ အသေ သတ်ခြင်းကို မခံထိုက်ပါ။ ပြောင်းပြန်(ကားတိုင်ကို ဇောက်ထိုးထား၍) သတ်ပါ ဟူ၍ ရှင်ပေတရု၏ တောင်းဆိုချက်အတိုင်း ကားတင်၍ ဇောက်ထိုး အသတ်ခံ ခဲ့ကြောင်း ထောက်ခံအတည်ပြုခဲ့ပါသည်။

ရှင်ပေတရု သည် သူသေရမည့် အရာကို နေ့လား ညလား မခြား သိနေခဲ့သော်လည်း ကြောက်ရွံ့ဒူးတုန်၍ မနေခဲ့ဘဲ၊ ယုံကြည်သူတို့အား နှိုးဆော်၍ သေရမည့်ဘေးကို မကြောက်မရွံ့ရဲရင့်စွာဖြင့် ရင်ဆိုင် လျှောက်လှမ်း ရင်း နှိုးဆော်ခြင်းအမှုကို ပြုခဲ့ခြင်းက သေတမ်းစကား များပင် မဟုတ်ပါလား။

### ၃) ရှင်ပေတရု၏ အောက်မေ့ဘွယ်ရာ။ ( ၂ပေ ၁း၁၅)

**ထိုမှတပါး ငါစုတေသည့်နောက် သင်တို့သည် ထိုအရာများကို အစဉ် မှတ်မိစေခြင်းငှာ ငါကြိုးစားအားထုတ်မည်။ ( ၂ပေ ၁း၁၅)**

စစ်မှန်သော ချစ်ခြင်းမေတ္တာမပါဘဲ၊ အခြားသူကို ပေးကမ်း ဖေးမ နိုင်သော်ငြားလည်း ပေးကမ်းဖေးမခြင်း မပါသော ချစ်ခြင်းမေတ္တာသည်ကား မရှိနိုင်ပါချေ။ အထက်ပါ ကျမ်းစကားတွင် ရှင်ပေတရုက ထိုမှတပါး ငါ စုတေ သည်နောက် **"After my depature"** ဤအရာများကို အစဉ် မှတ်မိ စေခြင်းငှာ ငါကြိုးစား အားထုတ်မည်ဟူ၍ ဆိုထားသည့်အတိုင်း သေတွင်းသို့ ခြေတစ်ဖက် လှမ်းနေသည့်တိုင် ရှင်ပေတရုက ယုံကြည်သူများ၊ အထူးသဖြင့် ဘုရားမသိသော မင်းဘုရင် နေရိုး ၏ အာဏာအောက်တွင် ဒုက္ခရောက်နေကြ သည့် ခရစ်ယာန်တို့အား နှိုးဆော်စာ၊ သေတမ်းစာ ရေး၍ ပေးခဲ့လေသည်။ သူ၏ အဓိက ရည်ရွယ်ချက်သည်ကား၊ ယုံကြည်သူများအား ယေရှုခရစ်၌ ခိုင်ခံ့ရန် ဖြစ်ပြီး သူ၏ စိုးရိမ်မှုသည်ကား ယုံကြည် သူတို့ ၏ ကြီးထွားရင့်ကျက်မှုတို့အား မသမာ မိစ္ဆာများ၏ လက်နှင့် ဒုက္ခ ဆင်းရဲတွင်းအောက်တွင် တိမ်ကော သွားမည်ကို စိုးရိမ်နေခြင်းပင်ဖြစ်သည်။ "ငါကြိုးစား အားထုတ်မည်" ဆိုသည့် အတိုင်း သူ၏ အားထုတ်မှုသည် ကနဦး ယုံကြည်သူအားများသာ ခိုင်ခံ့ စေယုံသာမက ယနေ့ကျွန်ုပ်တို့၏ အသက်တာ ကိုပင် ခိုင်ခံ့စေသည် မဟုတ်ပါလား။ ယခု ကျွန်ုပ်တို့ အလွယ်တကူ ဖတ်ရှု အားယူနိုင်သည့် ရှင်

ပေတရု ဒုတိယစာစောင်အား ရှင်ပေတရု၏ သွေးချွေး တို့ဖြင့် ရင်း၍ ရေးခဲ့သည့် သေတမ်းစာပင်ဖြစ်သည်။

အာဗေလသည် သေလွန်သော်လည်း ယနေ့တိုင် တရားဟော သေး၏ ဆိုသည့် ဟေပြဲ၁၁း၄ အတိုင်း ရှင်ပေတရု သည်လည်း ယနေ့တိုင် တရားဟော နေဆဲပင် မဟုတ်ပါလား။

***နိဂုံး။*** ။ ယနေ့ ကျွန်ုပ်တို့မှာကား ရေကန်အသင့် ကြာအသင့် ဖြင့် ခရစ်ယာန်ဘ၀ အသက်တာတွင် ကျေးဇူးတော်ကြောင့် ရောက်ရှိကြရရုံမက နောင် တမလွန်ဘ၀ဟူသည်လည်း ဖြောင့်တန်း၍နေသော်လည်း ယနေ့ ကျွန်ုပ်တို့၏ ဝဲယာ၌ ဘုရားရှင်အား မသိသေးသောသူ၊ ဘုရားကို သိသော် ငြားလည်း ဒုက္ခ အသွယ်သွယ်နှင့် ချို့တဲ့ကာ နှုတ်ကပါတ်တော် နို့ချိုကို မသောက်သုံး ရသော သူများ၊ သောက်သုံးရကြငြားလည်း မဝမလင်နှင့် ဓါတုဆေး ရောစပ်မှု တို့ကြောင့် ခရစ်ယာန်ဘ၀အသက်တာတွင် လူတစ်လုံး သူတစ်လုံး မဖြစ်မရပ်တည်နိုင်သေးသော သူတို့အား ကူညီဖေးမ လမ်းပြရန်မှာ ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်သည်။ ထို့ကြောင့် ရှင်ပေတရု ကဲ့သို့ ဘုရားရှင် ၏ အလိုတော်ကို သိပြီး လုပ်ဆောင်ဖို့သာ ဆန္ဒပြု ဆက်ကပ်ရုံသာမက ခရစ်တော်၏ နာမတော်အား သေသည့်တိုင်အောင် ဆွဲကိုင်၍ လမ်းပြခဲ့သော ရှင်ပေတရု ၏ အသက်တာနှင့် သူ၏ သေတမ်းစာအား အလေးထား အောက်မေ့လျှက် ချစ်ခြင်း မေတ္တာစစ်ဖြင့် ကြိုးစား အားထုတ်ကြပါစို့ဟု ဆန္ဒပြုရင်း ... ... ။ နာမတော်မြတ်၌ ။ **( Samuel Soe Lwin )**

---

## ***အသစ်သောတန်ခိုး*** (ခန်ဒရူး)



**ဖတ်ရန်ကျမ်းချက်။ (ဂလာ၊ ၅း၁၆-၂၅)**
**(ရောမ၊ ၇း၁၅ -၈း၁၃)**

***အဓိကသော့ကျမ်းချက်။*** “ငါပညတ်သည်ကား၊ ဝိညာဉ် ပကတိ အတိုင်း ကျင့် ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိ ပကတိ၏ အလိုသို့ မလိုက်ဘဲ နေကြ လိမ့်မည်။” (ဂလာ၊ ၅း၁၆)

ခရစ်ယာန်တိုင်း၏ အထဲ၌ ဆန့်ကျင်ဘက် တန်ခိုး နှစ်ခု ရှိပါသည်။ ဇာတိပကတိနှင့် ဝိညာဉ်ပကတိဟူ၍ နှစ်မျိုး ရှိသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရား၏ အလိုကိုသာ လုပ်စေလိုပြီး၊ ဇာတိပကတိက မိမိ၏ စိတ်ကျေနပ်မှုကိုသာ လုပ်စေလိုသည်။ ဤ တန်ခိုးနှစ်ခု အကြောင်းကို စဉ်းစား ဆင်ခြင်ကြပါစို့။

*ဇာတိပကတိ။*

လူသားတိုင်း မွေးရာပါ အပြစ်ဗီဇပါရှိပြီး ကျမ်းစာက ယင်းကို ဇာတိပကတိဟု ခေါ်ပါသည်။ ဇာတိပကတိသည် ကယ်တင်ခြင်းသို့ မရောက်သေးသောသူတိုင်း၌ ရှိသော တခုတည်းသော ဇာတိပကတိသဘော ဖြစ်သည်။

*ဝိညာဉ်ပကတိ။*

အသစ်တဖန် မွေးဘွားချိန်၌ အံ့ဘွယ်ရာကား သန့်ရှင်းသော ဝိညာဉ်တော်သည် ယုံကြည်သူ၏ အထဲ၌ ဝင်ရောက်လာခဲ့ပေပြီ။ ထို့ကြောင့် ခရစ်ယာန်များ၏အထဲ၌ ဇာတိပကတိနှင့် ဝိညာဉ်ပကတိဟူ၍ နှစ်ခု ရှိသည်။ အချို့သော ခရစ်ယာန်များသည် ကယ်တင်ခြင်းသို့ ရောက်ချိန် ၌ မိမိတို့၏ ဇာတိဟောင်းသည် ဖျက်ဆီးပစ်ခြင်း(သို့) ဖယ်ရှားပစ်ခြင်း ခံရပြီး ပြီဟု ယုံကြည်ကြသည်။ သို့သော် ထိုကဲ့သို့ မဟုတ်ပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကို ကယ်တင်ခြင်းသို့ရောက်ချိန်၌ အပြစ်ဗီဇဟောင်းကို မဖယ်ပေးခဲ့ပါ။ ယင်းအစား သူ၏ဝိညာဉ်တော်ကို ပေးလျှက် အောင်မြင်ခြင်းကို ပေးခဲ့ပါသည်။ အသက်ရှင်နေသ၍ ဇာတိပကတိသည် ရှိနေမှာ ဖြစ်ပြီး ကျွန်ုပ်တို့ အထဲရှိ ဘုရား၏ဝိညာဉ်တော်ကို အမြဲဆန့်ကျင်နေမှာ ဖြစ်သည်။

“အကြောင်းမူကား၊ ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့် တပါး ဆန့် ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့ သည် ကျင့်ချင်သော အကျင့်ကို မကျင့် နိုင်ကြ။” (ဂလာ၊၅း၁၇)

ကျွန်ုပ်တို့အထဲ၌ရှိသော ဇာတိပကတိသည် ဘယ်က လာသနည်း။ ဇာတိပကတိ အုပ်စိုးသော အသက်တာ၌ ဘာတွေ ဖြစ်နေသနည်း။ ဇာတိ ပကတိကို ဘယ်လို အောင်မြင်နိုင်မည်နည်း။

*ဇာတိပကတိကားအဘယ်နည်း။*

ဇာတိပကတိသည် ဘုရားမပါရှိသော လူသားများ၏ ဗီဇ သဘာဝ ဖြစ်သည်။ လူသားတိုင်း၏ အထဲ၌ရှိပြီး ဘုရားသခင်နှင့် ခြားနားစေသည်။ ဇာတိ ပကတိကို ကျမ်းစာ၌ များစွာတွေ့ရပြီး၊ ၎င်း၌ ကောင်းခြင်းတခုမျှကို မတွေ့ရပါ။

၁။ ဇာတိပကတိသည် အလွန်မှ အပြစ် ရှိသည်။
၂။ နာခံခြင်း မရှိပါ။
၃။ ဘုရားသခင်ကို မသိနိုင်ပါ။
၄။ ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့။
၅။ ကောင်းလာအောင် မပြုလုပ်နိုင်။

“ငါ့အထဲမှာ ငါ့ဇာတိပကတိ၌ ကောင်းသောအရာ တစုံတခုမျှ မတည်သည်ကို ငါသိ၏။ အကြောင်းမူကား၊ငါသည် ကျင့်ချင်သော စိတ်ရှိသော်လည်း၊ ကောင်းစွာ ကျင့်တတ်သော အခွင့်ကို ရှာ၍ မတွေ့နိုင်။” (ရော၊ ၇း၁၈)

အတ္တသည် ဇာတိပကတိ၏ ပုံသဏ္ဍာန်တခုဖြစ်၏။ ဇာတိပကတိက မိမိ၏ အလိုဆန္ဒအတိုင်း အသက်ရှင်လိုသည်။ ဇာတိပကတိ၏ အခြားသဏ္ဍာန်တခုမှာ အပြစ်တပ်မက်ခြင်းနှင့် ကိုယ်ကာယ အလိုဆန္ဒများတို့ ဖြစ်သည်။ အတ္တကိုဖယ်ပြီး ခရစ်တော်ဘုရင်အား အသက်တာ၌ အုပ်စိုးခွင့် ပေးနေသည့်တိုင်အောင် အပြစ်တပ်မက်ခြင်းနှင့် ကိုယ်ကာယ အလိုဆန္ဒများက ကျွန်ုပ်တို့အား ဆက်လက်သွေးဆောင်နေဆဲဖြစ်သည်။

*ဇာတိပကတိသည်ဘယ်ကလာပါသလဲ။*

အာဒံမှ အစပြုခဲ့ပါသည်။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အာဒံသည် ဝိညာဉ်တော်၏ အုပ်စိုးခြင်းကိုခံရန်ဖြစ်သည်။ သို့သော် အာဒံသည် မနာခံခဲ့ပါ။ မနာခံချိန်မှစ၍ ဝိညာဉ်ပိုင်း သေပြီး ဘုရား သခင်နှင့် အဆက်ပြတ်ကာ စိတ်နှင့်ခန္ဓာသည်လည်း အပြစ်ဖြစ်လာကာ မကောင်းတော့ပါ။ ဘုရား၏ ဝိညာဉ်တော် အုပ်စိုးရမည့်အစား ဇာတိပကတိ ဟုခေါ်သော အပြစ်ရှိသောစိတ်နှင့် ခန္ဓာသည် အာဒံ၏ အသက်တာကို အုပ်စိုးလာခဲ့၏။ အာဒံသည် လူသားမျိုးနွယ်၏ ဦးခေါင်း(အစ) ဖြစ်ပြီး သူ၏ အပြစ်ဗီဇသဘောကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ပါသည်။ “အာဒံသည် ... မိမိ ပုံသဏ္ဍာန်နှင့် တညီ တသဏ္ဍာန်တည်း သားကို မြင်ရ၍၊” (က၊၅း၃)

“အကြောင်းမူကား၊ တယောက်သောသူသည် နား မထောင်သော အားဖြင့်၊ လူများတို့သည် အပြစ်ရောက်သည်နည်းတူ၊” (ရော၊၅း၁၉)

ဇာတိပကတိ အုပ်စိုးစဉ် ဘယ်ကဲ့သို့ ဖြစ်မည်နည်း။ သင်သိပါသလား။ လူ၏ကိုယ်ခန္ဓာသည် အပြစ်စက်ရုံ ဖြစ်လာသည်။ စက်ရုံသည် ကုန်ထုတ်လုပ်ရာ အဆောက်အဦး ဖြစ်သည်။ ဇာတိပကတိ အုပ်စိုးစဉ် လူ၏ ကိုယ်ခန္ဓာသည် အပြစ်စက်ရုံအဖြစ်သို့ ပြောင်းလဲသွားပါသည်။ သခင်ယေရှုက လူ၏ ခန္ဓာစက်ရုံထဲက ထွက်သောအရာများမှာ “လူအတွင်း နှလုံးထဲက မကောင်းသောကြံစည်ခြင်း၊ သူမယားကို ပြစ်မှားခြင်း။ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ လူ အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ လောဘ လွန်ကျူးခြင်း၊ မနာလိုခြင်း၊ လှည့်စားခြင်း၊ ညစ်ညူးခြင်း၊ ငြူစူခြင်း၊ သူ့အသရေကို ဖျက်ခြင်း၊ ထောင်လွှားစော်ကားခြင်း၊ လျှပ်ပေါ်ခြင်း၊ ဤဆိုးညစ်သော အရာများ တို့သည် အတွင်းမှ ထွက်လာ၍ လူကိုညစ်ညူးစေကြသည်ဟု မိန့်တော်မူ၏။” (မာ၊၇း၂၁-၂၃)

*ဘုရားသခင်သည်ဇာတိပကတိကိုမည်ကဲ့သို့ဖြေရှင်းပေးခဲ့သနည်း။*

ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ချိန်၌ ဇာတိပကတိသည် ဖျက်ဆီးခြင်း(သို့) ဖယ်ရှားခြင်း မခံခဲ့ရကြောင်းကို နားလည်ခဲ့ရပြီး။ ဇာတိပကတိသည် ကယ်တင်ခြင်းသို့ မရောက်မီကကဲ့သို့ပင် အပြစ်ရှိနေဆဲ ဖြစ်သည်။ ၎င်းသည် ကောင်းသောအရာအဖြစ်သို့ ဘယ်သောအခါမျှ မပြောင်း လဲနိုင်ပါ။

လူ၏ ကယ်တင်ခြင်းအမှုကို ပြည့်စုံစေခြင်းငှါ ဘုရားသခင်သည် ဒုစရိုက်အပြစ်များကို ခွင့်လွှတ်ခြင်းသာမက လူဟောင်းကို ခရစ်တော်နှင့်အတူ ကါးတိုင်၌ သေစေခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဇာတိပကတိ၏ အုပ်စိုးမှုအောက်၌ မရှိတော့ပါ။ “ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ခံပြီးဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှ အပြစ်တရား၏ အစေကို မခံစေခြင်းငှါ၊ အပြစ်တရား၏ ကိုယ်ကို ဖျက်ဆီးမည် အကြောင်းတည်း။” (ရော၊၆း၆) (ဂလာ၊၂း၂၀)

ဘုရားက ဇာတိပကတိ၌ရှိသော အပြစ်ကို အပြစ်ဒဏ် စီရင်ခဲ့ပြီး။ ဇာတိပကတိသည် ရှိနေသေးသော်လည်း အုပ်စိုးခွင့် မရနိုင်တော့ပါ။ ကျွန်ုပ်တို့ အပေါ် တန်ခိုးသည် ကျိုးပျက်ခဲ့ပြီး။ ကျွန်ုပ်သည် အပြစ် ပြုနိုင်သော်လည်း၊ မပြုလုပ်တော့ပါ။ ဇာတိပကတိကို ငြင်းပယ်နိုင်ပြီး ဖြစ်သည်။ “သို့ဖြစ်၍ ညီအစ်ကိုတို့၊ ငါတို့သည် ဇာတိပကတိအတိုင်း ကျင့်ရမည် အကြောင်း၊ ဇာတိပကတိ၏ ကျွန် ဖြစ်ကြသည်မဟုတ်။” (ရော၊၈း၁၂) “ထို့ကြောင့်၊ သင်တို့၏ သေတတ်သော ကိုယ်ခန္ဓာ၏ တပ်မက်ခြင်း

အလိုသို့ လိုက်ရသည့်တိုင်အောင်၊ အပြစ်တရားသည် ထိုကိုယ်ခန္ဓာ၌ အစိုးမရ စေနှင့်။" (ရော၊၆း၁၂)

*ဘုရားကအသစ်သောတန်ခိုးကိုပေးခဲ့ပြီ။*

ဘုရားက ကါးတိုင်၌ ဇာတိပကတိကို အပြစ်စီရင်ခဲ့ခြင်းသာမက တန်ခိုးအသစ် တခုကို ပေးခဲ့၏။ ထိုတန်ခိုးသည် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်သည်။

"ထိုသို့ သင်တို့သည် သားဖြစ်သောကြောင့် အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏။" (ဂလာ၊၄း၆)

*သန့်ရှင်းသောဝိညာဉ်သည်မည်သူနည်း။*

သန့်ရှင်းသောဝိညာဉ်သည် ဘုရားသခင် ဖြစ်သည်။ တန်ခိုးဩဇာ တစ်ခု သက်သက်မျှသာ မဟုတ်ပါ။ သူသည် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး၊ ဘုရားလည်း ဖြစ်သည်။ ကျွန်ုပ်တို့ အမြဲတမ်း သိထားရန်မှာ "ကျွန်ုပ်တို့ အထဲ၌ ရှိသော ဝိညာဉ်တော်သည် ပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်ုပ်တို့ စိတ်နှလုံး ထဲ၌ရှိသော ဘုရားသခင်ဖြစ်တော်မူ၏။"

သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရား၏ သားသမီး အယောက်တိုင်း အတွက် ဘုရားသခင်၏ ကျေးဇူးလက်ဆောင် ဖြစ်သည်။ သခင် ယေရှုကို ယုံကြည်သူတိုင်း၏ အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော် ကျိန်းဝပ်တော်မူ၏။ သင့်အား ဘယ်သောအခါမျှ စွန့်ပစ်မည် မဟုတ်။ ယေရှုက "ခမည်းတော်သည် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဓ္ဈာယ်ဆရာ ကို သင်တို့နှင့်အတူ *အစဉ်မပြတ်* တည်နေ စေခြင်းငှါ သင်တို့အား ပေးတော်မူမည်။" (ယော၊၁၄း၁၆)

*သန့်ရှင်းသောဝိညာဉ်တော်က မည်သည့်အရာကို ပြုလုပ်ပေးပါသနည်း။*

*၁။ သူသည် ဇာတိပကတိကို ဆန့်ကျင် တိုက်ခိုက်ပေးပါသည်။*



ကျွန်ုပ်တို့ အထဲ၌ ရှိသော ဇာတိပကတိ၏ တန်ခိုးသည် အစွမ်း ကြီးပေသည်။ တခါတရံ ကျွန်ုပ်တို့၏ ဆန္ဒကိုပင် ကျော်လွန်၍ပင် တန်ခိုး ရှိပါသည်။ ကျွန်ုပ်တို့သည် အမှန်မလုပ် ချင်သော အရာ များကို လုပ်မိ တတ်ကြသည်။ တမန်တော် ကြီး ပေါလုပင်လျှင် သူ၏ ခွန်အားဖြင့် ဇာတိ ပကတိကို မအောင်နိုင် ခဲ့ပါ။ ရှင်ပေါလုက "ငါသည် ကျင့်ချင်သော အကျင့်ကောင်းကို မကျင့်၊ မကျင့်ချင် သော အကျင့်ဆိုးကို ကျင့်၏။" (ရော၊ ၇း၁၉) ဇာတိပကတိကို မိမိ၏ ခွန်အားဖြင့် ကြိုးစား အောင်မြင်ရန် ဘုရားသည် ကျွန်ုပ်တို့အား ချန်မထား ခဲ့ပါ။ သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးခဲ့ပြီး ဖြစ်သည်။ ဝိညာဉ်တော်က ကျွန်ုပ်ကိုယ်စား ဇာတိပကတိကို တာဝန်ယူ ဆန့်ကျင် တိုက်ခိုက်ပေးခဲ့သည်။

သန့်ရှင်းသော ဝိညာဉ်သည် အပြစ်ကိုမုန်းပြီး၊ ကျွန်ုပ်တို့အထဲရှိ အပြစ်တိုင်းကို တိုက်ခိုက်ပေးနေသည်။ "ဇာတိပကတိနှင့် ဝိညာဉ် ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သော အလိုရှိကြ၏။ တပါးနှင့်တပါး ဆန့်ကျင်ဘက် ဖြစ်၍၊" (ဂလာ၊၅း၁၇)

ဘယ်အရာက သာ၍ တန်ခိုးကြီးမည်နည်း။ ဇာတိပကတိလော (သို့) ဝိညာဉ်တော်လော။ ဝိညာဉ်တော်သည် အမှန် တန်ခိုးကြီး တော်မူ၏။ သို့သော် ကျွန်ုပ်တို့ ဆန္ဒမပါဘဲနှင့် လွတ်ခြင်း အခွင့်ကို မပြုလုပ်ပါ။ ဇာတိပကတိ၏ အကျင့်များမှ လွတ်မြောက်ရန် ရွေးချယ်ရပေမည်။ ဥပမာ– စိတ်တို ခြင်းသည် ဇာတိပကတိ၏ အကျင့်တခုဖြစ်သည်။ ဤနေရာ၌ ရွေးချယ် ရပေမည်။ ဆက်လက်အခွင့်ပေးမလား။ သို့မဟုတ် လွတ်မြောက်ခြင်း ကို ရွေးမလား။ ဘုရားက ဇာတိပကတိသည် မအုပ်စိုးရ၊ ယင်းအစား ဇာတိပကတိကို သေစေရပေမည်ဟု ပြောပါသည်။ ဤအရာ၌ သင်သည် ဘုရားသခင်နှင့် သဘောတူပါသလား။ ဇာတိပကတိ အကျင့်တို့မှ လွတ်မြောက် ခြင်းကို သင်သည် ရွေးမည်လား။ သို့ပါက၊ သင်သည် ခရစ်တော်နှင့်အတူ သေခဲ့ပြီးကြောင်းကို သိမှတ်ပါ။ ဇာတိပကတိ အကျင့်တို့ကို သေစေရန် ဝိညာဉ်တော်ကို ဆုတောင်း၍ အခွင့်ပေးပြီး၊ သူ့ကို လုပ်ဆောင်ပေးရန်ကိုးစားပါ။ "ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏ အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။" (ရော၊၈း၁၃ခ)

*၂။သန့်ရှင်းသော ဝိညာဉ်တော်သည် ခရစ်တော်၏ အသက်တာကို ကျွန်ုပ်တို့ အထဲ၌ ရှိလာအောင် ပြုလုပ်ပေးပါသည်။*

သန့်ရှင်းသော ဝိညာဉ်တော်သည် ဇာတိပကတိကို ဆန့်ကျင် တိုက်ခိုက် ပေးခြင်း သာမက ကျွန်ုပ်တို့၌ ခရစ်တော်၏ အသက်တာ ရှိလာအောင် ပြုလုပ်ပေးပါသည်။ သခင်ယေရှုက "ထိုသူသည် ငါ့ဘုန်းကို ထင်ရှား စေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့် စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖေါ်ပြလိမ့်မည်။" (ယော၊၁၆း၁၄)။ ခရစ်တော်သည် သန့်ရှင်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ချစ်ခြင်း၊ စင်ကြယ်ခြင်း၊ ကြင်နာခြင်း၊ သီးခံခြင်း၊ အတ္တကင်းခြင်း၊ သစ္စာစောင့်ခြင်းတို့ဖြစ်သည်။ ခရစ်တော်၌ ရှိသော အရာများကို ကျွန်ုပ်တို့၏ အသက်တာ၌ အမှန်ရှိလာရန် သန့်ရှင်းသော ဝိညာဉ်သည် ပြုလုပ်ပေးပါသည်။ ခရစ်တော်၏ အသက်တာကဲ့သို့ ကျွန်ုပ်တို့ အသက်တာ ကိုပြောင်းလဲပေးပါသည်။

ခရစ်တော်၏ အသက်တာ ဖြစ်သော ဝိညာဉ်တော် အသီးကို၊ ကျွန်ုပ်တို့၌ ရှိလာစေသည်။ "ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ် ချုပ်တည်းခြင်း ပေတည်း။" (ဂလာ၊၅း၂၂–၂၃)

*လမ်းနှစ်သွယ်*

ခရစ်ယာန်တယောက်အနေဖြင့် စိတ်ထဲ၌ တန်ခိုးနှစ်ခု ရှိသောကြောင့် ရှေ့၌လည်း လမ်းနှစ်သွယ် ရှိပေသည်။ ဇာတိပကတိ၌ လိုက်လျှောက် နိုင်သလို ဝိညာဉ်ပကတိ၌လည်း လိုက်လျှောက်နိုင်ပါသည်။ ဇာတိပကတိ၌ လိုက်လျှောက်ခြင်းသည် ဇာတိ၏ အုပ်စိုးမှု အောက်၌ ရှိခြင်းနှင့် ဝိညာဉ်တော်၌ လိုက်လျှောက်ခြင်းသည် ဝိညာဉ်တော်၏ အုပ်စိုးမှု အောက်၌ ရှိနေခြင်းကို ဆိုလိုပါသည်။ လူ၌ ဇာတိပကတိ အုပ်စိုးခြင်းကြောင့် ဖြစ်ပျက်သော အရာများကို နားလည်ခဲ့ရပြီးဖြစ်သည်။ ဇာတိပကတိ၏ ကြောက်ဘွယ်သော အပြစ်များသည် ကယ်တင်ခြင်း မခံရသေးသော သူများ၌ ဖြစ်နိုင် သကဲ့သို့ ခရစ်ယာန်တယောက်၏ အသက်တာ၌လည်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့ မပြုလုပ်နိုင်သော အပြစ် တစုံတခုမျှ မရှိ။ ကျမ်းစာက "ထိုကြောင့် အကြင်သူသည် မိမိ တည်ကြည်လျှက် နေသည်ဟု မိမိ ထင်မှတ်၏၊ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ။" (၁ကော၊ ၁၀း၁၂)

*ဇာတိပကတိကို မည်ကဲ့သို့ အောင်မြင်မည်နည်း။*

ဇာတိပကတိ၏ တပ်မက်ခြင်းလမ်းမှ လွဲရှောင်ရန် ဝိညာဉ်ပကတိ၌ လိုက်လျှောက်ရပေမည်။ အဓိပ္ပါယ်မှာ ဝိညာဉ်တော်၏ အုပ်စိုးမှု အောက်၌ ရှိရမည်။ တမန်တော် ရှင်ပေါလုက "ငါပညတ်သည် ကား၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ ၏ အလိုသို့ မလိုက်ဘဲ နေကြလိမ့်မည်။" (ဂလာ၊၅း၁၆)

*ဝိညာဉ်ပကတိ၌ မည်ကဲ့သို့ လိုက်လျှောက်မည်နည်း။*

*၁။ ဝိညာဉ်အရာများ၌သာ စိတ်စွဲလမ်းခြင်း ရှိစေရန် ပြင်ဆင်ထားရမည်။*

ဝိညာဉ်တော်၌ လိုက်လျှောက်ရန် စိတ်ကို ဝိညာဉ်အရာများ၌သာ ရှိစေရမည်။ ဘုရားနှင့် တဦးတည်း တိတ်ဆိတ်စွာ အချိန်ယူခြင်း၊ ကျမ်းစာ ဖတ်ခြင်း၊ဆုတောင်း စကားပြောခြင်းဖြင့် တနေ့တာ၏ အစ၌ နေ့တိုင်း ပြုသင့်သည်။ နေ့စဉ်ဖြစ်နိုင်က ခရစ်တော်နှင့်သူ၏ နှုတ်ကပါတ်တော်၌သာ စိတ် စွဲလမ်းရမည်။ ဝိညာဉ်အရာများနှင့် စိတ်တွင် ပြည့်စေလျှင် ဝိညာဉ်တော်သည် အသက်တာ၌ အုပ်စိုးနေကြောင်း ခံစားသိရှိရသည်။ တဘက်၌ ဇာတိပကတိ အရာများနှင့် စိတ်တွင်ပြည့်စေလျှင် အပြစ်ပြုခြင်းသို့ ဦးတည်စေပြီး၊ ဘုရားသခင်နှင့် မိတ်သဟာယ ပျက်နိုင်ပါသည်။ ဇာတိ ပကတိ စိတ်သည် သေခြင်းနှင့်စပ်ဆိုင်ပြီး၊ ဝိညာဉ်ပကတိစိတ်သည် အသက်ရှင်ခြင်းနှင့် ငြိမ်သက်ခြင်းကိုဖြစ်စေသည်။

စိတ်တွင် ဘယ်အရာများက နေရာယူနေပါသနည်း။ သင်၏ ငွေကြေးနှင့် အချိန်များကို ဘယ်အတွက်သာ သုံးစွဲပါသနည်း။ အရင်းခံ အကြောင်းကို ရှာဖွေပါ။ ဝိညာဉ်ပကတိလော သို့မဟုတ် ဇာတိပကတိ အတွက်လော သိရှိရပေမည်။

*၂။ အသက်တာကိုဝိညာဉ်တော်၌အပ်နှံခြင်း။*

ဝိညာဉ်တော်၌ အပ်နှံခြင်းသည် ဝိညာဉ်တော်ကို အုပ်စိုးခွင့် ပေးခြင်း ဖြစ်သည်။ ဇာတိပကတိကို အခွင့်မပေးရပေ။ ဇာတိပကတိကို သေစေရမည်။ ကျမ်းစာ၌ "ခရစ်တော်နှင့် စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုငှင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုငှင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။" (ဂလာ၊၅း၂၄)

*၃။ ဝိညာဉ်တော်ကို အားကိုး ယုံကြည်ခြင်း။*

ဝိညာဉ်တော်ကို ယုံကြည်ကိုးစားရပေမည်။ မိမိ၏ ခွန်အားဖြင့် ဇာတိကို မအောင်နိုင်ပါ။ ဝိညာဉ်တော်သည် ဇာတိပကတိကို အောင်နိုင်ခဲ့သူ ဖြစ်၍ သူ၏ လုပ်ဆောင်ပေးခြင်းကို ကိုးစားပါ။ ဝိညာဉ်တော်ကို ကိုးစားခြင်းဖြင့် သူသည် ခရစ်တော်၌ရှိသော အသက်တာကို ကျွန်ုပ်တို့၌ ရှိလာအောင် ပြုလုပ်ပေးပါလိမ့်မည်။

*ခရစ်တော်၏ အသက်သည် ဇာတိပကတိကို အောင်နိုင်ခဲ့ပြီ။*

ဝိညာဉ်တော်၌ လိုက်လျှောက်ခြင်းနှင့်အမျှ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့၌ ခရစ်တော်၏ အသက်တာကို ပြုလုပ်ပေးပြီး၊ ဇာတိပကတိကို အောင်မြင်ကျော်လွှားခွင့် ပေးပေမည်။ "ကောင်းကြီး မင်္ဂလာနှင့်ပြည့်စုံတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၊ ကျွန်ုပ်၏ အထဲ၌ ရှိတော်မူသောကြောင့် ကျေးဇူးတင်ပါသည်။ ကိုယ်တော်အား ယုံကြည်ကိုးစားခြင်းနှင့် နာခံခြင်း ရှိစေတော်မူပါ။ သို့ဖြစ်၍ ဇာတိပကတိ အလိုသို့ မလိုက်ပါဘဲ နေပါလိမ့်မည်။" ။ ။ ( **အနိဒရူး** )

---

## ခံယူတတ်ဖို့ လိုအပ်တယ် (နေကြိုနှင်း)

<u>ကမ္ဘာဦးကျမ်း ၃၉၊ ၄၀၊ ၄၁</u>

အထက်ပါ ကျမ်းချက်များအရ ယောသပ်ဟာ အစ်ကိုတွေရဲ့ မုန်းတီးမှုကို ခံရပြီး တိုင်းတပါးသားတွေဆီ ရောင်းစားခြင်းခံရတယ်။

ယောသပ်ဟာ မိသားစုနဲ့အတူ နေစဉ်မှာ ဖခင်ကို ရှိသေတယ်။ သို့သော် အစ်ကိုတွေရဲ့ မုန်းတီးမှုကိုခံရပါတယ်။ နိုင်ငံရပ်ခြား ရောက်သွားလို့ ကျွန် ဖြစ်နေချိန်မှာ သခင်အပေါ် သစ္စာရှိပေမဲ့ သခင့်မယားရဲ့ အကောက်ကြံမှုကိုခံရတယ်။ လူ့အနေနဲ့ကြည့်ရင် ဖြောင့်မတ် မှန်ကန် သစ္စာရှိလျှက်နဲ့ ဘာဖြစ်လို့ အခက်အခဲတွေ့ပြီး ထောင်ကျခဲ့ရတာလဲ လို့ အထင်မှား စရာပါဘဲ။ သို့သော် ယောသပ်က ဘုရားသခင်ကို အပြစ် မမြင်ခဲ့ဘူး။



ဘုရားသခင်က ယောသပ်ကို ထောင်ထဲ ရောက်စေခြင်းဟာ သူ့ရဲ့ အကြံ အစည်တော်ကြောင့် ဖြစ်တယ်။ ယောသပ်ဟာ ထောင်ထဲမှာ အုပ်ချုပ်စီမံရတဲ့ နည်းပညာကို သင်ခံယူခဲ့ရတယ်။ ထောင်သားတွေရဲ့ အရာရှိ ဖြစ်ခဲ့တယ်။ တရားစီရင် ဆုံးဖြတ်တဲ့ ပညာကို ထောင်ထဲမှာ သင်ယူပြီးတဲ့ အခါမှာ ဘုရားသခင်ဟာ သူ့ကို ကြီးမားတဲ့ အလုပ်ကို စတင် ဆောင်ရွက် စေခဲ့တယ်။

ဘုရားသခင်ဟာ ယောသပ်ကို တဆင့်ပြီး တဆင့် ပြသသွန်သင် ခဲ့တယ်။ ယောသပ် ထောင်ထဲ ရောက် ရခြင်းဟာ ထို့ထက်ကြီးမားတဲ့ နေရာ နဲ့ ရာထူး ကို ဘုရားက ပေးချင်လို့ဖြစ်တယ်။ ယေသပ်ဟာ ဘုရားသခင်ရဲ့ လုပ်ဆောင်မှုကို အပြစ် မတင်ဘဲ အလိုတော်ကို ဝန်ခံ၊ သည်းခံ ခဲ့တဲ့အတွက် အောင်မြင်သူ တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ဘုရား သားသမီးတိုင်းဟာ တွေ့ကြုံ ရင်ဆိုင်ရတဲ့ အခက်အခဲနဲ့ အကျပ် အတည်းတွေကြားမှာ ဘုရားက ငါ့ကို ဘာ သွန်သင်ချင်သလဲ ဆိုတာကို ခံယူတတ်ဖို့ လိုပါတယ်။ တစ်ခါတစ်လေမှာ လူတွေက ငါ ကောင်းတာ လုပ်ရဲ့သားနဲ့ ဘာဖြစ်လို့ အခက်အခဲ တွေ့နေတာလဲ၊ အဆင် မပြေသေးတာလဲ၊ မအောင်မြင် သေးတာလဲလို့ ထင်တတ်ကြပါတယ်။ ဘာဖြစ်လို့ အခက်အခဲ တွေ့နေတာလဲဆိုတာ နောင်တစ်နေ့မှာ သိလာပါလိမ့်မယ်။ ဘုရားသခင်က သူ့သားသမီးတွေကို ဆန်းစစ်တယ်၊ ပညာပေးတယ်။ သွန်သင်ပေးလေ့ရှိပါတယ်။ အားလုံး အိုကေ ပြီဆိုမှ ချီးမြှောက်လေ့ရှိပါတယ်။

သေးငယ်တဲ့ အမှုကအစ စီစဉ်ပေးတယ်။ သူ့ရဲ့ သားသမီးတွေကို ဆုံးရှုံးခြင်း မရောက်စေချင်ဘူးလေ။ ကျွန်ဘဝ ရောက်နေတဲ့ ယောသပ်ဟာ အဲဂုတ္တု ပြည်ရဲ့ ဘုရင်ခံ လုံးဝ မဖြစ်နိုင်ပါဘူး။ သို့သော် ဘုရားသခင် အားလုံးကို တတ်စွမ်း နိုင်ပါတယ်။ ။ **နေကြိုနှင်း**

---

## ကျွန်တော်နှင့်သေရွာပြန်

(မင်းအောင်သက်လွင်)

ကျွန်တော်တို့ ရပ်ကွက်ထဲကို သူ ပြောင်းလာတဲ့အချိန်မှာ သူ့ကို စသိခဲ့ပါတယ်။ အသက်အရွယ် မတူတာရယ်၊ ဝါသနာ မတူတာရယ်ကြောင့် သူနဲ့ မပေါင်းသင်းဖြစ်ခဲ့ပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် မျက်မှန်းတန်းမိကြပါတယ်။ တစ်နေ့ သူနိုင်ငံခြား (စင်ကာပူ) ထွက်သွားပါတယ်။

နောက် တစ်နှစ်လောက် ကြာတဲ့အချိန်မှာ ကျွန်တော်လည်း စင်ကာပူကို အလုပ်လုပ်ဖို့ ထွက်လာခဲ့ပါတယ်။ သူနဲ့ တစ်ရပ်ကွက်တည်း နေတာရယ်။ ကျွန်တော့် အမေနဲ့အစ်မဟာ သူ့အမေနဲ့ အစ်မတွေကို ခင်မင်ရင်းနှီးနေကြတာရယ်ကြောင့် ကျွန်တော် စင်ကာပူသွားတဲ့အချိန်မှာ သူ့မိသားစုတွေက သူ့အတွက် လူကြုံပစ္စည်းတွေ ထည့်ပေးလိုက်ပါတယ်။ အဲဒီတုံးက စင်ကာပူမှာ လက်ကိုင်ဖုန်းတွေ ခေတ်မစားသေးတော့ သူ့ကို ဆက်သွယ်ဖို့ ခက်ပေမဲ့ စင်ကာပူ ရောက်ရောက်ချင်း ပထမဦးဆုံး တနင်္ဂနွေနေ့မှာ အမေ ညွှန်ပြတဲ့ မြေပုံအတိုင်း ( အမေက စင်ကာပူမှာ ၂နှစ် နေခဲ့ဖူးသူမို့ပါ ) ယုဒသန် နှစ်ခြင်း အသင်းတော် ( အဲဒီတုံးက **SBCF "Singapore Burmese Christian Fellowship"**) ရှိတဲ့ နေရာကို စမ်းတဝါးဝါးနဲ့ ကျွန်တော် ရောက်သွား ခဲ့ပါတယ်။

နိုင်ငံရပ်ခြား ဘုရားကျောင်းဝင်းထဲမှာ အရင်ဦးဆုံးတွေ့လိုက်ရတဲ့ လူဟာ သူ ပါဘဲ။ မိဘ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေ သူငယ်ချင်းတွေကို စွန့်ပြီး ထွက်လာခဲ့တဲ့ ကျွန်တော့် အတွက်တော့ စင်ကာပူမှာ ကျွန်တော့်ရဲ့ ပထမဦးဆုံး မိတ်ဆွေဟာ သူ ပါဘဲ။ တစ်နှစ် လောက် အရင် စောရောက်နေတာရယ်။ ကုမ္ပဏီက ပေးထားတဲ့ လော်ရီကား ကြီး တစ်စီးကို ဘယ်သွားသွား ယူမောင်းနိုင်တာရယ်ကြောင့် စင်ကာပူ တစ်ခွင် ပြဲပြဲစင်အောင် သူ့ကားကြီးစီးပြီး ကျွန်တော် လည်ပတ်ခွင့်ရခဲ့ပါတယ်။ နှစ်တွေ ကြာလာတော့ သူနဲ့ ကျွန်တော် အခင်အမင် မပျက်ပေမဲ့ သိပ်မတွဲ ဖြစ်တော့ပါဘူး။ သူလဲ သူ့အလုပ်၊ သူ့မိတ်ဆွေတွေနဲ့ ရှုပ်နေသလို၊ ကျွန်တော် လဲ အလုပ်တွေ ရှုပ်နေကြ လို့ပါဘဲ။

မမျှော်လင့်တဲ့ တစ်နေ့မှာ သူ ကင်ဆာရောဂါ ခံစားနေရတယ် ဆိုတဲ့ သတင်းကြားလိုက်ရလိုက်ပါတယ်။ သူ့အတွက် ဆုတောင်းပေးနေချိန်မှာ နောက်ဆုံးအနေနဲ့ စီးတီးဟော နားက ပင်နီစူးလား ဈေးရုံအောက်မှာ သူ့ကို တွေ့လိုက်ရပါတယ်။ မြန်မာပြည်ကို ပြန်ဖို့ ပြင်ဆင်နေတဲ့ သူ့ရုပ်သွင်ဟာ လုံးဝ မမှတ်မိတော့ လောက်အောင် ဖြစ်သွားပါတယ်။ ဆံပင် ကျိုးတိုးကျဲတဲ၊ အသားဖြူဖတ်ဖြူရော် ဖြစ်တဲ့အပြင် မျက်နှာတစ်ခြမ်းဟာလဲ မီးလောင်ထား သလို ညိုမည်းနေတာကို တွေ့လိုက်ရပါတယ်။ နဂို ဝဝဖိုင့်ဖိုင့် ကိုယ်ခန္ဓာ ဟာ လည်း သေးငယ်သွားသလို ဖြစ်နေပါတယ်။ သူ့ကို မချိပြုံး ပြုံးပြပြီး ( သူ့အတွက် စိတ်မကောင်းလို့ ဟက်ဟက်ပက်ပက် မပြုံးနိုင် ဘဲ မချိပြုံး ပြုံးပြခြင်း) လောကဝတ် စကား ဆိုလိုက်ပါတယ်။ သူက မြန်မာပြည် ပြန်တော့မဲ့အကြောင်း ပြောပြပါတယ်။ မကြာခင် သူတကယ် ပြန်သွားပါတယ်။ အသင်းတော်က ဝိုင်းဝန်းမေတ္တာပြ ဆုတောင်းပေးပြီး စင်ကာပူကနေ အရှုံးနဲ့ ထွက်ခွာသွားတဲ့ သူ့အတွက် စိတ်မကောင်းဖြစ်ခဲ့ကြ ရပါတယ်။

သူ ဟာ ပေါ်ပြူလာ၊ စူပါစတား တစ်ယောက် မဟုတ်ပါဘူး။ တရား မဟောတတ်၊ သီချင်း မဆိုတတ်၊ ဂီတာ မတီးတတ်၊ ပီယာနို မတီးတတ်၊ ထမင်းဟင်း မချက်တတ်၊ ဆုမတောင်းတတ်၊ Praise & worship ဦး မဆောင်တတ်၊ သဘာပတိ မလုပ်တတ်၊ ဇေဝဂေလိ မဟောတတ်တဲ့ သာမာန် လူတစ်ယောက်ပါ။ ဒါပေမဲ့ သူ့ကို ယုဒသန် နှစ်ခြင်းအသင်းတော် (စင်ကာပူ) က လူတော်တော်များများ သိကြပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူ တတ်ထားတဲ့ ပညာတစ်ခုဟာ အသင်းတော်က လူတော်တော်များများကို အကျိုးပြုနေလို့ပါဘဲ။ ကုမ္ပဏီ ပိုင်ဖြစ်ပေမဲ့ သူ သုံးခွင့်ရထားတဲ့ လော်ရီကား ကြီး တစ်စီးနဲ့ သူတတ်တဲ့ ကားမောင်း ပညာကို အရင်းပြုပြီး အသင်း တော် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ သူ မညည်းမညူ ဘုရားသခင် အတွက် အချိန်ပြည့်နီးပါး ဆက်ကပ် အစေခံခဲ့လို့ သူ့ကို လူသိများကြပါတယ်။

ဘုရားကျောင်း စောစောရောက်တဲ့နေ့တွေမှာ သခင့်စကား စာစောင်နဲ့ အသင်းတော် ပရိဂရမ် စာရွက်တွေကို လူတိုင်းစေ့ လိုက်လံ ဝေငှရင်း အစေခံ ခဲ့တဲ့သူပါ။ အခုတော့ သူ့အရိပ်အယောင်နဲ့ သူ့ကား ကြီးကို ဘုရားကျောင်း ပုရဝုဏ်ထဲမှာ လုံးဝ မတွေ့ရတော့ပါဘူး။ အဲဒီလိုနဲ့ သူ့ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားလိုက်တာ ဖြလ လောက်နီးပါး ရှိသွားခဲ့ တာပေါ့။

တစ်နေ့ ကျွန်တော် အလုပ်လုပ်နေတဲ့ ကုမ္ပဏီဝင်းထဲကို လော်ရီကားဖြူကြီး တစ်စီး ဝင်လာပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီဝင်း အနောက်ဘက်မှာ တိုးချဲ့ဆောင် ဆောက်နေတာမို့ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုကို အလုပ်အပ်ထားတာကြောင့် ဆောက်လုပ်ရေး အလုပ်သမားတွေနဲ့ အတူ ကားခေါင်းခန်းထဲက ကားဆရာတစ်ယောက် ဆင်းလာတာကို တွေ့လိုက် ရပါတယ်။ မြင်ဖူးသလို ရှိတာမို့ သေသေချာချာ ကြည့်လိုက်တော့ သူ ဖြစ်တာကို တွေ့လိုက်ရပါတယ်။ "ဟာ အစ်ကို ဘယ်တုံးက စင်ကာပူ ကိုပြန်ရောက်လာတာလဲ။ ကင်ဆာ ရောဂါ ပျောက်သွားပြီလား" လို့ ကျွန်တော် အံ့ဩတကြီးနဲ့ မေးလိုက်မိပါတယ်။ သူက အားရပါးရပြုံးရယ်ပြီး သူ့ ကင်ဆာရောဂါ အကြောင်း အချိန်ရတဲ့ ဆယ်မိနစ်လောက်အတွင်းမှာ ပြောပြသွားရှာပါတယ်။ သူ့ကို ခင်မင်တဲ့ စင်ကာပူရောက် ဓမ္မမိတ်ဆွေအပေါင်း အတွက် ခွန်အားရနိုင်မဲ့ သက်သေခံချက်လေးဖြစ်တာမို့ သူပြောခဲ့တဲ့ စကားအတိုင်း အတတ်နိုင်ဆုံး တူအောင် ရေးချလိုက်ပါတယ်။ သူက ... ... ...

(( ပထမ စဖြစ်တာက သွား ကိုက်တာပါ။ ရိုးရိုး သွားကိုက်တယ်ဘဲ ထင်မိပါတယ်။ နောက်တော့ ပါးပြင်တစ်ခုလုံးလဲ ယောင်ကိုင်းလာသလို သွားကိုက်တဲ့ ဝေဒနာက ခေါင်းတစ်ခုလုံး မခံနိုင်အောင် နာကျင် ကိုက်ခဲ လာပါ

တယ်။ သွား ဆရာဝန်ကို ပြတယ်။ မသင်္ကာတဲ့ သွား တွေကို နှုတ်လိုက်ပေမဲ့ မသက်သာတာမို့ စစ်ဆေးကြည့်လိုက်တော့ သွားဖုံးကင်ဆာ ဖြစ်နေပြီဆိုတဲ့ အဖြေကို ရလိုက်ပါတယ်။ အထူးကု ဆရာဝန်တွေနဲ့ ပြ၊ ဆေးထိုးဆေးစား၊ ဓါတ်ကင်၊ ကီမိုသွင်း ပေမဲ့ မသက်သာတဲ့အပြင် ငွေလဲ တော်တော်ကုန် သွားပါတယ်။

သွားဖုံးကင်ဆာ ဖြစ်နေတုံးမှာ နောက်ထပ် စစ်ဆေး တွေ့ရှိလိုက်ရ တာက အဆုတ်ကင်ဆာပါ ဖြစ်နေပြီ ဆိုတာပါဘဲ။ ကင်ဆာရောဂါ တစ်ခုထဲနဲ့ လူ့အသက်ကို လွယ်လွယ်နှုတ်ယူနိုင်တဲ့ အချိန်မှာ ကျွန်တော် ဟာ ကင်ဆာရောဂါနှစ်ခု (သွားဖုံးကင်ဆာ နဲ့ အဆုတ်ကင်ဆာ) ကို တစ်ပြိုင်တည်း ခံစားနေရပါတယ်။ ကျွန်တော့်လို လူမှ မသေရင် တစ်ခြား ဘယ်သူမှ မသေနိုင် တော့ဘူးလို့ လူတိုင်း ထင်နေကြပြီ။ စိတ်ဓါတ်ကတော့ အကြီးအကျယ် ကျသွားတာပေါ့။ စင်ကာပူ သမားတော်က ကျွန်တော် ခံစားနေရတဲ့ ကင်ဆာ ရောဂါ နှစ်ခုကို ကုသဖို့ အချိန် ၆လ ကြာမယ်။ ငွေသုံးသောင်း ( စင်ကာပူဒေါ်လာ) လောက်ကုန်မယ်။ ၆လ ကြာ တဲ့အခါ ရောဂါပျောက်ရင်လဲ ပျောက်နိုင်တယ်။ အသက်ပျောက်ရင်လဲ ပျောက်သွားနိုင်တယ်တဲ့။ အဲဒီတော့ အဖြေက ရှင်းရှင်းလေးပါ။ ကျွန်တော့် ရောဂါက ၆လ ကြာတဲ့အခါ သေမလား၊ ရှင်မလား မသေချာပါ။ သေချာတာက ဒေါ်လာငွေ သုံးသောင်း ကုန်မှာပါဘဲ။



သူဌေးနဲ့ ညှိပြီး မြန်မာပြည်မှာ ပြန်ကုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ငွေကုန် ကြေးကျလဲ နည်းမယ်။ သေရင်လဲ ကိုယ့်မြေကိုယ့်ရေ၊ ကိုယ့်တိုင်းပြည် ထဲမှာ သေရမှာမို့ ကျွန်တော် ရန်ကုန်ကို ပြန်လာခဲ့ပါတယ်။ ရန်ကုန် ပြန် ရောက်တော့ ငွေသိပ်မရှိတော့တဲ့အတွက် ငွေသက်သာတဲ့ မြန်မာ့ တိုင်းရင်း ဆေးဆရာနဲ့ ကုပါတယ်။ အဲဒီ အတောအတွင်းမှာ နိုင်ငံခြား ရောက်နေတဲ့ အမေ့ ဆီက ဖုန်းလာပါတယ်။ "သားရေ ညက မင်းကို အမေ အိမ်မက် မက်တယ်။ အိမ်မက်ထဲမှာ တို့ မိသားစုတွေ အတူတူ ခရီးထွက်နေတုံး တစ်နေရာ ရောက်တော့ မင်းတစ်ယောက်တည်း တို့တစ်တွေကို လက်ပြပြီး ချန်နေရစ်ခဲ့တယ်။ ဟိုး အရင်တုံးကလဲ အဲဒီလို အိမ်မက်မျိုး အမေ မက်ခဲ့တုံး က မင်းတို့ အဖေ၊ တို့ မိသားစုကို လက်ပြပြီး ချန်နေရစ်ခဲ့တယ်။ မကြာခင် မှာ မင်းတို့ အဖေ ဆုံးပါးသွားခဲ့တယ်။ အခုလဲ မင်းက တစ်ခါ အိမ်မက်ထဲမှာ လက်ပြ ချန်နေရစ်ခဲ့ပြီ ဆိုတော့ အမေ့ရဲ့ နိမိတ် အိမ်မက် အတိုင်း မင်းသေဖို့ သေချာနေပြီ" လို့ ဖုန်းဆက်ပြောပါတယ်။

အမေက တိုင်းရင်းဆေး ဆရာနဲ့ မကုဘဲ အနောက်တိုင်း ဆေးနဲ့ ဆက်ကုဖို့ အကြံပေးပါတယ်။ ဒါနဲ့ ဆေးရုံကြီးက သမားတော် လက်ထဲအပ်ပြီး စင်ကာပူက ဆေးစစ်ချက်အပြင် ရန်ကုန်က ဆေးစစ်ချက်ပါထပ်ယူပါတယ်။ ကျွန်တော့် ဆီမှာ ကင်ဆာရောဂါ နှစ်ခု ရှိနေတဲ့ အဖြေက အတူတူပါဘဲ။

စိတ်ဓါတ်ကျ၊ အားငယ်နေတုံးမှာ တစ်နေ့တော့ အိမ်နားက ညီမငယ် တစ်ယောက်က သတင်းတစ်ခုလာပေးပါတယ်။ နိုင်ငံခြားက သာသနာပြု ဆရာ မကြီး တစ်ယောက် ကျွန်တော်တို့ ရပ်ကွက်ထဲ ရောက်လာပြီး အိမ်တစ်အိမ်မှာ ကျန်းမာရေး လိုအပ်တဲ့သူတွေ အတွက် အထူး ဆုတောင်းပေးနေတယ် လို့ ပြောပါတယ်။ ရေနစ်သူအတွက် ကောက်ရိုး တစ်မျှင် ရလိုက်တဲ့ ကျွန်တော်ဟာ မိန်းမနဲ့ အတူ ဆရာမကြီး ရှိနေတဲ့ အိမ်ကို ဆုတောင်းခံဖို့ သွားခဲ့ပါတယ်။ ကျွန်တော့်လို မျှော်လင့်ချက် မဲ့နေတဲ့ ကင်ဆာရောဂါသည်တွေအပြင် အေအိုင်ဒီအက်စ်၊ ဝေဒနာရှင်၊ လက်ခြေသေလို့ Wheel Chair နဲ့ လာရတဲ့ ရောဂါသည် တစ်ချို့ ရောက်လာကြပါတယ်။ ကျွန်တော့် မိန်းမကလဲ ဒူးခေါင်း နည်းနည်း နာနေလို့ လင်မယားနှစ်ယောက် အတူတူ ဆုတောင်း ခံကြပါတယ်။

ဆုတောင်းခံနေစဉ် အတွင်းမှာ ကိုယ် ခန္ဓာထဲက အပူတွေ၊ အခိုး တွေ ထွက်သွားသလို ခံစားရပါတယ်။ ဆရာမကြီးက နှစ်ကြိမ် ဆုတောင်း ပေးပါတယ်။ နှစ်ကြိမ်လုံး အပူအခိုးတွေ ထွက်သွားသလို ခံစားရပါတယ်။ နောက်တစ်နေ့ ဆေးရုံက ဆရာဝန်ဆီသွားပြီး ဆေးစစ်ချက် ခံယူပါတယ်။ ဓါတ်မှန် ရိုက်ပါတယ်။ အဖြေက အရင်ကနဲ့ လုံးဝ မတူတော့ပါဘူး။ ဘာမှ မကုသ ရသေးဘဲနဲ့ ရောဂါ ပျောက်ကင်းတဲ့ လက္ခဏာကို တွေ့လိုက်ရလို့ ဆရာဝန်က လူမှား ဓါတ်မှန်ရိုက်တယ်ထင်ပြီး နောက်တစ်ခေါက် ထပ်စစ် ခိုင်းပါတယ်။ အဖြေက ရှင်းပါတယ်။ ကျွန်တော့်မှာ ဘာရောဂါမှ မရှိတော့ ပါဘူး။ ဒီတစ်ခါ ဆရာဝန် ကိုယ်တိုင် ဓါတ်မှန်ဌာနကို လိုက်လာပြီး သူလိုချင်တဲ့ ပုံစံအမျိုးမျိုးနဲ့ ရိုက်ပါတယ်။ ငွေအများကြီးပေးပြီး ကျွန်တော့်ကိုယ်ခန္ဓာ အပေါ်ပိုင်း ဦးခေါင်းက ခါးအထိ ဓါတ်မှန်ရိုက် စစ်တဲ့အခါ နဂို ရှိနေတဲ့ သွားဖုံးနဲ့ အဆုတ် ကင်ဆာ ရောဂါ လုံးဝ မတွေ့ရတော့ဘဲ အမာရွတ်လေးသာ တွေ့ရပါ တယ်။

ဆရာဝန်က ကျွန်တော် ကင်ဆာရောဂါ ပျောက်သွားပြီဖြစ်ကြောင်း တရားဝင် ကြေငြာလိုက်ပါတယ်။ အံ့ဩဖို့ကောင်းတာက အတူတူ ဆုတောင်း သွားခံတဲ့ ကျွန်တော့် မိန်းမဟာ ဒူးခေါင်းနာတဲ့ ဝေဒနာ လုံးဝမပျောက်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မိန်းမဟာ ဆုတောင်းနေတုံးမှာဘဲ ပျောက်မှ ပျောက်ပါ့ မလားဆိုတဲ့ သံသယ စိတ်ရှိနေလို့ပါဘဲ။


ကင်ဆာရောဂါ ပျောက်ပျောက်ချင်းဘဲ စင်ကာပူမှာ အရင်တုံးက လုပ်ခဲ့တဲ့ ကုမ္ပဏီက သူဌေးကို ပြန် ဆက်သွယ်ပြီး ကျွန်တော့် ကင်ဆာရောဂါ ပျောက်သွားပြီ အလုပ်ပြန်လုပ်ပါရစေလို့ လှမ်း အကြောင်းကြားခဲ့ပါတယ်။ သူဌေးက ဘာပြန်ပြောသလဲဆိုတော့ "မင်း မသေသေး ဘူးလား။ မင်းနောက် မှ လည်ပင်းကင်ဆာဖြစ်တဲ့ ငါ့ဦးလေး သေသွားပြီ၊ မင်းရောဂါ ပျောက်တာ ဟုတ်ရော ဟုတ်ရဲ့လား။ နောက်နှစ်လ နေမှ ပြန်ဆက်သွယ်ပါ။ တော်ကြာ ငါ မင်းကို ခေါ်လိုက်လို့ စင်ကာပူမှာ မင်းလာ သေနေရင် ငါ ရှင်းနေရအုံးမယ်" တဲ့။

နောက်နှစ်လ ကြာတော့ သူဌေးကို ထပ်ဆက်သွယ်ပြီး စင်ကာပူ ပြန်လာခွင့်ရဖို့ ပြောတဲ့အခါ သူဌေးက " မင်း မသေသေးဘူးလား၊ ငါက မင်း ကင်ဆာ ရောဂါနဲ့ သေသွားပြီ ထင်နေတာ" လို့ ပြန်မေးပါတယ်။ နောက်ဆုံး သူဌေးက ပြန်လက်ခံတဲ့အတွက် စင်ကာပူကို ကင်ဆာရောဂါဖြစ်ပြီး ၉လ အ ကြာမှာ ဒုတိယအကြိမ် အလုပ်လာလုပ်ခွင့်ရခဲ့ပါတယ်။ ))

အထက်မှာ ရေးသားခဲ့တာတွေကတော့ သူ့ကို ကျွန်တော် ၁၀ မိနစ်လောက် အင်တာဗျူးဖြစ်တုံးက သူပြောပြခဲ့တဲ့ စကားလေးတွေကို ပြန်ရေးပြထားတာဖြစ်ပါတယ်။ အခု တစ်ကမ္ဘာလုံးမှာ ခေတ်စားနေပြီး ကမ္ဘာ့ လူသတ်ကောင် နံပါတ်တစ် စာရင်းဝင်နေတဲ့ ကင်ဆာရောဂါ နှစ်ခု ခံစား နေရတဲ့ ဘဝကနေ ၉လ အတွင်း ရောဂါလုံးလုံး ပျောက်ကင်းပြီး သေရွာက ပြန်လာတဲ့ "သေရွာပြန်" ဟာ လူ့အစွမ်းအစကြောင့် ပျောက်ကင်း ခဲ့တာ မဟုတ်ဘဲ၊ ယုံ ကြည်ခြင်းနဲ့ ဆုတောင်းခံခဲ့မှုကြောင့် ပျောက်ကင်းခဲ့တာဖြစ်ကြောင်း သက်သေ ခံ လိုက်ပါတယ်။

**သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျှက် ရှိကြ၏။ ယေရှာ ၅၃း၅ (ခ) ။**

။ (မင်းအောင်သက်လွင်)





မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်
( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02
Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် မှ စဥ် ထုတ် ဝေ သည်